# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ


**မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား**

တစ်ခဲနက်ဖြစ်သောကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com
■ အတွဲ(၁၆)၊ အမှတ်(၁၆၄)
■ ၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်၊ အင်္ဂါနေ့


# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပစဉ်။

နေပြည်တော် စက်တင်ဘာ ၂၈

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စာမျက်နှာ ၇ ကော်လံ ၁ ➤

## တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

စာ - ၉ သို့

## အယ်လ်နီညိုကာလ၏ပူပြင်းမှုကို ကြိုတင်ပြင်ဆင်မှုဖြင့် ဖြတ်ကျော်နိုင်ရေး . .

ဆောင်းပါး စာ - ၁၂ သို့

# အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မွန်ပြည်နယ် ကျိုက်ထိုမြို့အနီးမှဖြတ်ကျော်နေသဖြင့် အညိုရောင်အဆင့်သတ်မှတ်

နေပြည်တော် စက်တင်ဘာ ၂၈

**အားကောင်းသောမုန်တိုင်းငယ်အခြေအနေ**

ယနေ့ည ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံ စစ်တောင်းမြစ်ဝအနီး မွန်ပြည်နယ် ကျိုက်ထိုမြို့၏ တောင်ဘက်မှဖြတ်ကျော်ခဲ့သော အားကောင်းသော မုန်တိုင်းငယ် (Deep Depression) သည် မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ကျိုက်ထိုမြို့အနီးမှ ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါ အားကောင်းသော မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ စာမျက်နှာ ၁၈ ကော်လံ ၁ ❖

၂၈-၉-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၂၂:၃၀ နာရီအချိန်တိုင်းထွာချက်အရ အားကောင်းသော မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ






ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်အတွင်း စက်တင်ဘာလ ၂၇ ရက်ညပိုင်းတွင် မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်း၍ ထားဝယ်မြစ်ရေမြင့်တက်မှုဖြစ်ပွားခဲ့ပြီး ထားဝယ်မြို့ရှိ မြေနိမ့်ပိုင်းရပ်ကွက်များအတွင်း ရေဝင်ရောက်မှုများ စာမျက်နှာ ၈ ကော်လံ ၁ ●

# တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များယာယီစိုးမိုးထားသော ကမမောင်း-ဖာပွန်သွားလမ်းကြောင်းပေါ်ရှိ ဆင်စွယ်ကျေးရွာအား ထပ်မံ၍ပြန်လည်ထိန်းချုပ်သိမ်းပိုက်ရရှိ

တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကမမောင်း-ဖာပွန်လမ်းကြောင်းပေါ်ရှိ ဆင်စွယ်ကျေးရွာအား ထပ်မံထိန်းချုပ်သိမ်းပိုက်မှုနေရာပြမြေပုံ




နေပြည်တော် စက်တင်ဘာ ၂၈

တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော ကမမောင်း-ဖာပွန် သွားလမ်းကြောင်းတစ်လျှောက်အား နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့တွင် အဆိုပါလမ်းကြောင်းပေါ်ရှိ ဆင်စွယ်ကျေးရွာအား ထပ်မံ၍ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ➡

## အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်

# လူသားအရင်းအမြစ်ကောင်းများ

နိုင်ငံတော်အနေဖြင့်ပညာရေးအရ ရင်းနှီးမြှုပ်နှံခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကောင်းကို ပုံဖော်တည်ဆောက်နေခြင်းပင်ဖြစ်၍ နိုင်ငံအတွက် အသိပညာ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို တက္ကသိုလ်များမှ စဉ်ဆက်မပြတ် မွေးထုတ်ပေးရမည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ကောလိပ်များအနေဖြင့်လည်း ပညာတတ်လူသားအရင်းအမြစ်ကောင်းများမွေးထုတ်၍ ဒေသ၏ကောင်းရာကောင်းကျိုးများကို နိုင်ငံ့ဝန်ထမ်းများအဖြစ် ပြန်လည်အကျိုးပြုတာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

တက္ကသိုလ်များအလိုက်ဘာသာရပ်များအလိုက်တက်ရောက်ကြသည့် ကျောင်းသားဦးရေအချိုး၊ သင်ကြားသင်ယူမှု အခြေခံအဆောက်အအုံနှင့် သင်ကြားရေးဝန်ထမ်းအချိုးတို့ကို စနစ်တကျတွက်ချက်၍ လိုအပ်ပါက အခြေခံအဆောက်အအုံ တိုးချဲ့တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးခြင်း၊ လူဦးရေအနည်းငယ်သာရှိသည့် ဘာသာရပ်များအား စုပေါင်းသင်ကြားစေခြင်းတို့ကို လေ့လာဆန်းစစ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ သင်ကြား၊ သင်ယူမှု အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ကဲ့သို့သော တက္ကသိုလ်တစ်ရပ်၏ အဓိကပြယုဂ်နှင့် ဂုဏ်ဒြပ်ဖြစ်သည့် အရေးကြီးအဆောက်အအုံများ တည်ဆောက်ရာ၌ ဘက်ပေါင်းစုံမှ စဉ်းစားတွက်ချက်ခြင်း၊ အဆိုပြုနေရာနှင့် အဆိုပြုပုံစံ ဒီဇိုင်းအကြမ်းများရေးဆွဲပြီး ဦးစားပေးအဆင့်အလိုက် သတ်မှတ်ရွေးချယ်ခြင်းတို့ကို ရေရှည်အကျိုးကိုကြည့်၍ အဆင့်ဆင့် စနစ်တကျဆောင်ရွက်တည်ဆောက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၂၇ ရက်နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)နှင့် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဆေးတက္ကသိုလ်(၁)နှင့်ပတ်သက်၍ လမ်းညွှန်မှာကြားရာတွင် **"ယခင်ကတည်ရှိခဲ့သည့်လိပ်ခုံးပုံအဆောက်အအုံ၏သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ မှတ်တမ်းမှတ်ရာများကို ပြန်လည်ကြည့်ရှုလေ့လာဆန်းစစ်၍ မူလပုံစံမပျက် ခေတ်မီဆန်းသစ်သည့်အသွင်ဖြင့် လိပ်ခုံးပုံအဆောက်အအုံဖြစ်စေရေး စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုတည်ဆောက်မည့် လိပ်ခုံးပုံအဆောက်အအုံသည် မော်တော်ယာဉ်များ အသွားအလာများပြားသည့် ပြည်လမ်းမကြီးဘေးတွင် တည်ရှိသည်ဖြစ်၍ အသံထိန်းစနစ်များကိုလည်း စနစ်တကျတွက်ချက်ထည့်သွင်းဆောင်ရွက်သွားရန်လိုကြောင်း"** နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ယခင်က အထင်ကရအဆောက်အအုံတစ်ခုအဖြစ် ကျော်ကြားတည်ရှိခဲ့သည့် လိပ်ခုံးပုံသစ်သားခန်းမကြီး (MULTI-PURPOSE ASSEMBLY HALL) အဆောက်အအုံကို ဗြိတိသျှဗိသုကာပညာရှင် Ragian Squire က ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်ပြီး ၁၉၅၄-၁၉၅၆ ခုနှစ်များအတွင်း ရန်ကုန်စက်မှုတက္ကသိုလ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထို့နောက်အဆိုပါလိပ်ခုံးသစ်သားခန်းမကြီးမှာ ၁၉၈၀ ပြည့်နှစ်များဝန်းကျင်ခန့်တွင် ယိုယွင်းပျက်စီးလာခြင်း၊ အပူပိုင်းမိုးရေချိန်နှင့် ကာလကြာမြင့်မှုတို့ကြောင့် သစ်သားဖွဲ့စည်းပုံများပျက်စီးယိုယွင်းလာကာ လူအများအသုံးပြုနိုင်မှုမရှိတော့ခြင်း၊ ရေရှည်ပြုပြင်ထိန်းသိမ်းရန် ကုန်ကျစရိတ်ကြီးမားလှ ခြင်းတို့ကြောင့် ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်များနှင့်အညီ မူလပုံစံမပျက် ခေတ်မီ ဆန်းသစ်သည့်အသွင်ဖြင့် အဆိုပါလိပ်ခုံးပုံအဆောက်အအုံအား ပြန်လည်တည်ဆောက်နေခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တက္ကသိုလ်အဆောက်အအုံများဥပဓိရုပ်ကောင်းမွန်ရေး၊ သင်ကြားမှုသင်ယူမှုလွယ်ကူချောမွေ့စေရေးတို့ ဆောင်ရွက်ပေးလျက်ရှိသည်မှာ နိုင်ငံတော်အတွက် လူသားအရင်းအမြစ်ကောင်းများပေါ်ထွက်လာရေးကို ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။ ။

---

## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၆၇/၂၀၂၆**
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)တို့အရ ဦးငွေအောင်အား မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

---

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

---

## (၂၈-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅ ~ ၃၆၆၅.၈ | ၅၅၇ ~ ၅၅၇.၆ | ၁၂၅.၅ ~ ၁၂၅.၇ | |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၇,၉၈၁,၉၀၉.၄၁ | ၅,၁၉၂,၉၄၀.၂၀ | ၂၆,၄၈၄,၂၄၆.၆၆ | |

---

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၉-၂၀၂၆(အင်္ဂါနေ့)

၁။ ၀၆:၀၅ တရားတော်
၂။ ၀၈:၃၀ မောင်မယ်လေးများသိစေချင်
၃။ ၀၉:၂၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄။ ၁၃:၄၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅။ ၁၅:၁၅ မြန်မာသံစဉ်ချိုနားဝင်
၆။ ၁၅:၂၅ တစ်ချိန်ကသူတို့အကြောင်း
၇။ ၁၅:၃၀ အဟောင်းထဲမှအကောင်းများ တေးသီချင်းကဏ္ဍ
၈။ ၁၅:၄၀ ဇာတ်လမ်းတို
၉။ ၁၆:၄၀ ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း
၁၀။ ၁၇:၁၅ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၁၁။ ၁၉:၀၀ **နိုင်ငံခြားဇာတ်လမ်းတွဲ နတ်စုံထောက်- ဒီရင်ကျယ် အပိုင်း(၃၈)**
၁၂။ ညစနာရီသတင်းအပြီး နိုင်ငံတကာသတင်း
၁၃။ ညစနာရီသတင်းအပြီး မိုးလေဝသသတင်း

---


မြဝတီ နေ့စဉ်

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး (မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး (အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း (ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း
**စာတည်းအဖွဲ့ (မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
**စာတည်းအဖွဲ့ (အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့ (နေပြည်တော်)** - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့ (ရန်ကုန်)** - ဦးရဲစိုးအောင်

**နေပြည်တော်**
**စာတည်းအဖွဲ့** ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
**ဖြန့်ချိရေး/ကြော်ငြာ** ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
**စာတည်းအဖွဲ့** ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
**ကြော်ငြာ** ၀၃၁-၇၄၀၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ (ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

Online Newspaper

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေးကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့အစည်းအဝေး (၂/၂၀၂၆)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ ဒုတိယဥက္ကဋ္ဌ(၂)ဆရာတော်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား/စီမံ) နှင့် မော်ကွန်းထိန်းဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ပြင်ပပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောဝိဒက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ပညာရေးမူဝါဒ ပရိယတ္တိ သင်ကြားရေးဆိုင်ရာ ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)ကို စတင်ဖွင့်လှစ်လာခဲ့သည်မှာ နှစ်လေးဆယ်ကျော်ကာလသို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ ဗုဒ္ဓမြတ်စွာ၏ ပရိယတ္တိသာသနာတော်ထွန်းကားပြန့်ပွားရေးကိစ္စအဝဝကိုဆောင်ရွက်ကြရာတွင် ဓမ္မသင်္ဂဟီပါဠိတော်၌ မြတ်စွာဘုရားဟောကြားတော်မူအပ်သော သဒ္ဓါဗိုလ်(သဒ္ဓါစွမ်းအား)၊ ဝီရိယဗိုလ်(ဝီရိယစွမ်းအား)၊ သတိဗိုလ်(သတိစွမ်းအား)၊ သမာဓိဗိုလ် (သမာဓိစွမ်းအား)၊ ပညာဗိုလ်(ပညာစွမ်းအား) ဟူသော ဗိုလ်ငါးပါးတရားလက်ကိုင်ထားလျက် မိမိထံရောက်လာသော တာဝန်ကို ကျေကျေပွန်ပွန်ဆောင်ရွက်တော်မူကြရန်တိုက်တွန်းကြောင်း အဖွင့်သြဝါဒကထာ မြွက်ကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၆) ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက် များကိုလည်းကောင်း၊ တက္ကသိုလ်များဗဟိုပညာရေးအဖွဲ့ အစည်းအဝေး(၂/၂၀၂၆) တင်ပြချက်များကိုလည်းကောင်း လျှောက်ထားသည်။

ဆက်လက်၍ အစည်းအဝေးသို့ ကြွရောက်တော်မူလာသည့် ဆရာတော်များနှင့် ပညာရှင်လူပုဂ္ဂိုလ်များက တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၂/၂၀၂၆) နှင့်ပတ်သက်သည့်ကိစ္စရပ်များကို ဆွေးနွေး၍ ဆုံးဖြတ်ချက်(၁၂)ရပ်နှင့် မှတ်တမ်းတင်ခြင်း (၂)ရပ်တို့ကို ချမှတ်အတည်ပြုခဲ့ပြီး သဘာပတိဆရာတော်က နိဂုံးချုပ်သြဝါဒကထာ မြွက်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆရာတော်သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မဟာသိမ်တော်ကြီးအပေါ်ထပ်ရှိ ဘုရားဆင်းတုတော်၁၈ ဆူအားကြည်ညိုသပ္ပာယ်စွာအပူဇော်ခံနိုင်ရေးဆောင်ရွက်ထားရှိမှု၊ မဟာသိမ်တော်ကြီးအောက်ထပ် ရေဝင်ရောက်မှုမရှိစေရေးအတွက်ရေနုတ်မြောင်းတူးဖော်ဆောင်ရွက်ရန်လိုအပ်မှု၊ ဒဂုံသီရိကုသိုလ်တော်ဘေးမဲ့ငါးကန်အတွင်း ငါးများကို စောင့်ရှောက်ထိန်းသိမ်းထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# ပြည်သူ့စာကြည့်တိုက်များအတွက် "သိပ္ပံပညာရှင်များနှင့် ခေတ်မီဒစ်ဂျစ်တယ်နည်းပညာဆောင်းပါးများ" စာအုပ် ၁၀၀ နှင့် "သိမှတ်ဖွယ်ရာသုတအဖြာဖြာ" စာအုပ် ၁၀၀ ပေးအပ်လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်များအတွက် စာရေးဆရာပါမောက္ခ ဒေါက်တာသန့်စင်(ရူပဗေဒ)ရေးသားသည့် "သိပ္ပံပညာရှင်များနှင့်ခေတ်မီဒစ်ဂျစ်တယ်နည်းပညာဆောင်းပါးများ"နှင့် "သိမှတ်ဖွယ်ရာ သုတအဖြာဖြာ" စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာအုပ်များပေးအပ်လှူဒါန်းပွဲတွင် စာရေးဆရာ ပါမောက္ခ ဒေါက်တာသန့်စင် (ရူပဗေဒ)က ယခုစာအုပ်များ လှူဒါန်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကလေးငယ်များ၊ လူငယ်များ၊ လူကြီးများ စာပေဖတ်ရှုလာစေရန်၊ စာအုပ်နှင့် ရင်းနှီးလာစေရန်နှင့် စာဖတ်ရှုခြင်းမှတစ်ဆင့် အသိပညာ၊ ဗဟုသုတနှင့် စူးစမ်းလေ့လာလိုစိတ်များ တိုးပွားလာစေရန်ဖြစ်ကြောင်း၊ စာအုပ်တစ်အုပ်လှူဒါန်းခြင်းသည် စာအုပ်တစ်အုပ်ကို ပေးအပ်ခြင်းသာမက ကလေးများ၏ အသိပညာရှာဖွေလေ့လာမှုအတွက် အထောက်အကူပြုသည့် အခြေခံအရင်းအမြစ်တစ်ရပ်ကို ဖြည့်ဆည်းပေးခြင်းဖြစ်ပါကြောင်း၊ သိပ္ပံပညာ၊ နည်းပညာ၊ သုတေသနနှင့်စာကြည့်တိုက်ဆိုင်ရာအကြောင်းအရာများကို ကလေးများနှင့်လူငယ်များ နားလည်လွယ်ကူစေရန် ရေးသားထားသည့် စာအုပ်များဖြန့်ဝေလှူဒါန်းခြင်းဖြင့် အသိပညာရှာဖွေလိုစိတ်နှင့် လေ့လာစူးစမ်းလိုစိတ်များ ပိုမိုရှင်သန်လာစေရန် ရည်ရွယ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ ပါမောက္ခ ဒေါက်တာသန့်စင်(ရူပဗေဒ)နှင့် We Channel Company Limited Managing Director ဒေါ်သီရီအောင်တို့က "သိပ္ပံပညာရှင်များနှင့် ခေတ်မီဒစ်ဂျစ်တယ်နည်းပညာဆောင်းပါးများ" စာအုပ် ၁၀၀ နှင့် "သိမှတ်ဖွယ်ရာ သုတအဖြာဖြာ" စာအုပ် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ်သည် ဒီဂျစ်တယ်နည်းပညာ ကူးပြောင်းတိုးတက်နေသော ခေတ်ကာလဖြစ်သည်နှင့်အညီ ယနေ့လှူဒါန်းပေးသည့် "သိပ္ပံပညာရှင်များနှင့်ခေတ်မီဒစ်ဂျစ်တယ်နည်းပညာဆောင်းပါးများ" နှင့် "သိမှတ်ဖွယ်ရာ သုတအဖြာဖြာ" စာအုပ်များသည် စာဖတ်ပရိသတ်ပြည်သူများနှင့် လူငယ်များအတွက် နည်းပညာဆိုင်ရာ ဗဟုသုတအသစ်များကို တိုးပွားစေမည်ဖြစ်ပြီး ပြည်သူ့စာကြည့်တိုက်များသို့ပေးပို့၍ ပြည်သူများ အလွယ်တကူဖတ်ရှုနိုင်စေရေး အခမဲ့ငှားရမ်းပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်များ၊ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များတွင် ခေတ်စနစ်နှင့်လျော်ညီသည့် သုတ/ရသ စာအုပ်စာစောင်အသစ်များ တိုးပွားအောင် ဖြည့်တင်းပေးမှသာ စာဖတ်ပရိသတ်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်များ၏ စာဖတ်လိုစိတ်နှင့် လေ့လာလိုစိတ်ကို ပိုမိုလှုံ့ဆော်ဖန်တီးပေးနိုင်မည် ဖြစ်ပါကြောင်း။

စာဖတ်မှု၊ စာပေထွန်းကားမှု ယဉ်ကျေးသိမ်မွေ့ပြီး အသိအမြင်ဗဟုသုတပြည့်စုံသည့် လူမျိုး၊ လူ့ပတ်ဝန်းကျင်နှင့် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ပညာရှင်များ ပေါ်ထွက်လာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်သည့်လူမျိုး၊ ဖွံ့ဖြိုးတိုးတက်သည့် လူ့ပတ်ဝန်းကျင်၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာစေရေးနှင့် နိုင်ငံအတွင်း၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး အသိပညာရှင်၊ အတတ်ပညာရှင်များမွေးထုတ်ပေးနိုင်ရေးအတွက် စာအုပ်စာပေများမှတစ်ဆင့် အသိပညာဗဟုသုတများ စဉ်ဆက်မပြတ်ဖတ်ရှုလေ့လာနိုင်သည့် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရေး စေတနာရှင် အလှူရှင်များ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါစာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်များသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၈**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင်မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(မိုး/ဇလ)

# ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ပြန်လည်ထွက်ခွာ



တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များအား တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။



တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များပြန်လည်ထွက်ခွာစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ) 48th PLA Navy Escort Task Group မှ စစ်ရေယာဉ်များဖြစ်သည့် ဖျက်သင်္ဘော Tang Shan၊ ဖရီးဂိတ်စစ်ရေယာဉ် Da Qing နှင့် ထောက်ပံ့ရေးစစ်ရေယာဉ် Tai Hu တို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှအရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူတို့က ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များနှင့်အတူ လိုက်ပါလာသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများပြုလုပ်ခြင်း၊ နှစ်နိုင်ငံစစ်ရေယာဉ်များသို့ အပြန်အလှန် လေ့လာခြင်း၊ ဂုဏ်ပြုညစာစားပွဲ အပြန်အလှန် ကျင်းပခြင်းများ ဆောင်ရွက်ခဲ့ကြပြီး စစ်ရေယာဉ်များ အပြန်ခရီးစဉ်အတွင်း တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ အပြန်အလှန်ဖြတ်သန်း မောင်းနှင်နှုတ်ဆက်ခြင်း လေ့ကျင့်ခန်း(PAS-SEX)တို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းမှတ်တမ်းများနှင့် အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(ရေအေး)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့်ပြခန်းများအကြောင်းရှင်းလင်းပြောကြားသည်။ ယင်းနောက်ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည်ပြတိုက်အတွင်းရှိတပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ဆရာမများသည်ပြင်ပပြကွက်များတွင်ခင်းကျင်းပြသထားသည့်တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော် လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။ ယင်းနောက်ကျောင်းသား၊ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့်စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

လေ့လာရေး လာရောက်ခဲ့ကြသည့်ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲ ကြားသိခဲ့ရပါတယ် -




“ကျွန်မကတော့ အထက(ခွဲ) ရေအေးက အထက်တန်းပြဆရာမ ဒေါ်မေသွယ်ဦး ဖြစ်ပါတယ်ရှင့်။ ကျွန်မတို့က တာဝန်ယူဆောင်ရွက်ရတဲ့အပိုင်းကတော့ ကျောင်းသားတွေကိုအုပ်ချုပ်ပြီးတော့မှစည်းကမ်းရှိရှိနဲ့ ဒီကိုလေ့လာရေးခရီးစဉ်မှာ ဗဟုသုတတွေရဖို့ မှတ်သားဖို့ ဒီလိုသေချာမှာပြီးတော့ ကျန်းမာရေးအတွက်ကော သေချာစနစ်တကျနဲ့ သွားတတ်လာတတ်အောင်လို့ တာဝန်ယူခဲ့ရပါတယ်ရှင့်။ ကျောင်းသား၊ ကျောင်းသူတွေရဲ့ စိတ်ထဲမှာ ရဲရင့်တဲ့စိတ်တွေ၊ ကြံ့ခိုင်တဲ့စိတ်တွေနဲ့ လေးစားအားကျရတဲ့ ပုဂ္ဂိုလ်တွေကိုတွေ့တဲ့အခါမှာ အဲ့လိုသူတို့လည်း ဒီလိုဖြစ်ချင်တယ်။ စက်ပစ္စည်းကိရိယာတွေကို တွေ့တဲ့အခါမှာ သူတို့လည်း ဒီလိုတွေကိုတက်ပြီးတော့မှ သူတို့ကိုယ်တိုင်မောင်းချင်တယ်။ သူရဲကောင်းစိတ်ဓာတ်တွေကိုရမယ်လို့ထင်ပါတယ်ရှင့်။ စာသင်ခန်းတွင်းမှာကျတော့ စာတွေ့ပဲသင်တာဖြစ်တဲ့အတွက် မျက်မြင် ဒီလိုမျိုးရုပ်ဝတ္ထုပစ္စည်းတွေကို လက်နဲ့ထိတွေ့ကိုင်တွယ်ခွင့်မရဘူး။ အခုက လက်နဲ့ထိတွေ့ကိုင်တွယ်ခွင့်ရတဲ့အတွက် သူတို့တွေက ပိုပြီးတော့လည်း စိတ်ဝင်စားတယ်။ ပိုပြီးတော့လည်း သူတို့က အတုယူကြတယ်ပေါ့။ သင်ယူကြမှာပေါ့”ဟုပြောသည်။



“ကျွန်တော်ကတော့အထက(ခွဲ) ရေအေးကျောင်းမှာပညာသင်ကြားနေတဲ့ Grade-12 ကျောင်းသား မောင်နိုင်မျိုးသူ ဖြစ်ပါတယ်ခင်ဗျ။ ပထမဦးဆုံး ခံစားရတာကတော့ သူငယ်ချင်းတွေနဲ့ အတူတူလာရတဲ့အတွက်ကြောင့် ကျွန်တော်ပျော်ပါတယ်ဗျ။ နောက်ထပ်ကတော့ ကျွန်တော်တို့မသိသေးတဲ့ အကြောင်းအရာတွေ၊ မမြင်ဖူးတဲ့ စက်ယန္တရားတွေကို လေ့လာရတဲ့အတွက် စိတ်လှုပ်ရှားဖို့ကောင်းပါတယ်ဗျ။ သင်္ဘောဆိုရင်လည်း သင်္ဘောရဲ့အင်ဂျင်အပိုင်းတွေ၊ အင်ဂျင်အမှတ်တံဆိပ်တွေ အဲ့လိုအခန်းတွေကို ပိုပြီးတော့ စိတ်ဝင်စားပါတယ်ဗျ။ သင်္ဘောတွေနဲ့ ပြောရမယ်ဆိုလို့ရှိရင်လည်း မြန်မာနိုင်ငံမှာ ပထမဦးဆုံးဆောက်ခဲ့တဲ့ သစ်သားသင်္ဘောအဲ့ဒါတွေလည်း သိခွင့်ရတယ်ဗျ။ ပြီးတော့ လေယာဉ်အပိုင်းမှာဆိုရင်လည်း အဲ့လိုပဲ၊ ကျွန်တော်မသိသေးတဲ့ အကြောင်းအရာတွေ အများကြီးသိခဲ့ရတယ်ဗျ။ အခုလို လေ့လာရေးခရီးစီစဉ်ပေးတဲ့ လူကြီးတွေကို ကျွန်တော်တို့အနေနဲ့ အထူးကျေးဇူးတင်ပါတယ်ဗျ။ နောင်နှစ်တွေမှာလည်း ဒီလို ကျွန်တော် Grade-12 ပြီးသွားပြီဆိုရင်တောင်မှ အဆင်ပြေတဲ့ အားတဲ့အချိန်တွေမှာမျိုး ကျွန်တော်သူငယ်ချင်းအဖွဲ့တွေစုပြီးပဲဖြစ်ဖြစ် လေ့လာရေးခရီးတွေ ဒီတပ်မတော်စစ်သမိုင်းပြတိုက်ကို နောက်ထပ်ကျွန်တော်တို့ ထပ်လာဦးမှာပါဗျ”ဟုပြောသည်။ (၁၀၀)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆင်္ဘမြောက်နေ့သို့ လာရောက်လေ့လာသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ၊ သာသနာနုဂ္ဂဟအသင်းနှင့် နေပြည်တော်မသန်စွမ်းသူများအသင်းတို့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးဆင်္ဘမြောက်နေ့သို့လာရောက်လေ့လာသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ၊ သာသနာနုဂ္ဂဟအသင်းနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ နေပြည်တော် မသန်စွမ်းသူများအသင်းတို့အား ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုလို လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့လွှတ်တော်အစည်းအဝေးတွင် မေးခွန်းများမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေပြုခြင်းဆိုင်ရာဆောင်ရွက်နေမှုများကို မျက်မြင်လေ့လာခွင့်ရသဖြင့် လွှတ်တော်က ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းသည့်ဗဟုသုတများရရှိမည်ဟုယုံကြည်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဒီမိုကရေစီစနစ်အရ အထွေထွေရွေးကောက်ပွဲများကျင်းပပြီး မဏ္ဍိုင်(၃)ရပ်ပေါ်ပေါက်လာခဲ့ကြောင်း၊ ထိုမဏ္ဍိုင် (၃)ရပ်တွင် ပြည်သူများက မိမိတို့ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးအတွက် ဆန္ဒမဲပေးရွေးချယ်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားသောလွှတ်တော်များလည်း ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံသည် လွှတ်တော်နှစ်ရပ်စနစ်ကိုကျင့်သုံးကြောင်း၊ လွှတ်တော်၏လုပ်ငန်းစဉ်များကို ထိရောက်စွာအထောက်အကူပြုနိုင်ရေးအတွက်လည်းကော်မတီများကိုဖွဲ့စည်းထားရှိကြောင်း၊ မိမိတို့လွှတ်တော်၏ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ပြည်သူများ ဥပဒေပြုရေးကဏ္ဍကို ပိုမိုသိရှိအောင်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာပါလီမန်များနှင့်လည်း ဆက်သွယ်မှုတိုးမြှင့်နိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း၊ ပြည်သူများကို ကိုယ်စားပြုသည့် လွှတ်တော်များအနေဖြင့် ပြည်သူများ၏ဆန္ဒနှင့် လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တက်ရောက်လာသူများအနေဖြင့်လည်း မိမိတို့၏ ဒေသလိုအပ်ချက်များကို ပြည်သူ့လွှတ်တော်တွင်ဖွဲ့စည်းထားရှိသည့် သက်ဆိုင်ရာကော်မတီများနှင့်မိမိတို့မဲဆန္ဒနယ်မြေရှိလွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကပြန်လည်ဖြေကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ၊ သာသနာနုဂ္ဂဟအသင်းနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်၊ နေပြည်တော် မသန်စွမ်းသူများအသင်းမှ တာဝန်ရှိသူများက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးသိန်းထွန်းဦး၊ သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအဖွဲ့ဝင်ဦးတင်မိုးအောင်(ခ)နေရှိုင်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြဝတီ

## အမျိုးသမီးရေးရာဝန်ကြီးဌာနက ရေဘေးသင့်အိမ်ထောင်စု ၄၅၅ စုမှ အမျိုးသမီးများအတွက် အမျိုးသမီးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်



**နေပြည်တော် စက်တင်ဘာ ၂၈**

အမျိုးသမီးရေးရာဝန်ကြီးဌာနက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှရေဘေးသင့်အိမ်ထောင်စု ၂၈၀၊ လူဦးရေ ၄၀၀ နှင့် ရေကြည်မြို့နယ်မှ အိမ်ထောင်စု ၁၇၅ စု၊ လူဦးရေ ၃၅၀ စုစုပေါင်း ရေဘေးသင့် အိမ်ထောင်စု ၄၅၅ စုမှ အမျိုးသမီးများအတွက် အမျိုးသမီးသုံးပစ္စည်းများ (Dignity Kits)၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆန်၊ ဆီ၊ ကုလားပဲ စသည့်စားသောက်ကုန်များကို ယနေ့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများကို အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာဥက္ကဋ္ဌတို့နှင့်အတူ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ သွားရောက်ထောက်ပံ့စဉ် ပြည်ထောင်စုဝန်ကြီးကရေဘေးသင့်မိသားစုများ၏ လိုအပ်ချက်များကို သိရှိနိုင်ရန်၊ အရေးပေါ်ကာလကိုကျော်လွှန်ပြီး ပြန်လည်ထူထောင်ရေးအတွက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်လိုပါကတစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီပေးရန် လာရောက်ခြင်းဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

ထို့အတူ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးနှင့် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးတို့ကလည်း ရေဘေးသင့်ပြည်သူများကိုအားပေးစကားပြောကြားကြသည်။

အဆိုပါ ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ရေကြည်မြို့ရှိ Bella Interiors Company Limited နှင့် ဒေသခံအမျိုးသမီးများအတွက် ကြိမ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## မိုးလေဝသ သတင်း




## ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုလျော့နည်းသက်သာစေရေးဆောင်ရွက်

**ပဲခူး စက်တင်ဘာ ၂၈**

ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုမရှိစေရေးနှင့်ရေထုတ်မြောင်းများရေစီးရေလာကောင်းမွန်စေရေး မြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်းရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်နှင့် ပဲခူးမြစ်တို့ချိတ်ဆက်ထားသည့်ကုလားရိုက်ရိုးချောင်း ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်နေမှု၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းဘေး ကျုံးရေမြောင်းပိတ်ဆို့မှုမရှိစေရေးရှင်းလင်းနေမှု၊ ကသစ်ပင်ရိုးချောင်း ရေကြောင်းရှင်းလင်းနေမှု၊ ပန်းလှိုင်ရပ်ကွက်၊ ကျုံးရိုးရေစီးဆင်းမှုကောင်းမွန်စေရေး ရှင်းလင်းနေမှုနှင့် ပဲခူးမြို့အတွင်းမှရေများအဓိကထွက်သော အိုးဘိုချောင်း ရေထွက်ပေါက်တို့တွင် စက်ယန္တရားလူအင်အားဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေကြီးမှုဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေး ကြိုတင်စုဖွဲ့ပြင်ဆင်ထားရန်နှင့်ရေကြီးသည့် အရပ်ဒေသများသို့ အရေးပေါ်စားရေရိက္ခာများ ပို့ဆောင်ပေးနိုင်ရေး ဆောင်ရွက်ထားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

ဥသာတိုင်းသား

## မိုးပိုလာမည်

**နေပြည်တော် စက်တင်ဘာ ၂၈**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာမည်။

(မိုး/ဇလ)

➤ ရှေ့ဖုံးမှအဆက်

တက်ရောက်ကြသည်။

အစည်းအဝေးတွင်ကျောင်းမနေနိုင်သည့်ကလေးများ အခြေခံပညာအဆင့်ပြီးမြောက်အောင် ဆောင်ရွက်ပေးနိုင်ရေး၊ လိုင်စင်မဲ့မော်တော်ယာဉ်များ မှတ်ပုံတင်ခွင့်ပြုနိုင်ရေး၊ ဘေးတွဲ သုံးဘီးယာဉ်ငယ်များ ရောင်းချပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ဝန်ထမ်းအိမ်ရာဆောက်လုပ် ပေးရေး၊ ဆေးရုံအဆင့်တိုးမြှင့်ပေးရေး၊ ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးရေးနှင့် ဝန်ထမ်းများခန့်ထားပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းနှစ်ခု အစီရင်ခံစာ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ဌေး၏ **ကျောင်းမနေနိုင်သည့် ကလေးများ စာရင်းကောက်ယူပြီး အခြေခံပညာအဆင့်ပြီးမြောက်စေရန် ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေနိုင်သည့်ကလေးများ စာရင်းအား ပြည်သူ့အင်အားဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် မြို့နယ်ပညာရေးမှူးများက ပေါင်းစပ်၍ စာရင်းကောက်ယူပြုစုထားရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေနိုင်သည့် ကလေးများ၊ ကျောင်းပြင်ပရောက်ရှိနေသည့် ကလေးများအတွက် အသက်အရွယ်အရ တက်ရောက်ရမည့် အတန်းသတ်မှတ်ချက်ဖြင့် Placement Test (အထူးအစီအစဉ်) ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးခဲ့ပြီး မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် အသက် ၁၅ နှစ်၊ ၃ လအတွင်း ကျောင်းသား ၁၄၄၃၈၄ ဦးကိုအခြေခံပညာကျောင်းများသို့ ဝင်ရောက်ပညာသင်ကြားခွင့်ပြုနိုင်ရေး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

နယ်စပ်ဒေသနှင့်တိုင်းဒေသကြီး/ပြည်နယ်အချို့ရှိ ကျောင်းပြင်ပသို့ ရောက်ရှိနေသောသက်လွန်ကလေးများ ပညာသင်ယူမှုအခွင့်အလမ်း မဆုံးရှုံးစေရေးအတွက် ကျောင်းပြင်ပ ပညာရေး Placement Test ဖြေဆိုခွင့်အား အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျောင်းပြင်ပ မူလတန်းပညာရေးနှင့်ကျောင်းပြင်ပ အလယ်တန်းပညာရေးတို့၏ မူလ အသက် သတ်မှတ်ချက်အား ဖြေလျှော့ပေး၍ Placement Test ဖြေဆိုခွင့်ရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အရေးပေါ်အခြေအနေကြေညာထားသည့်ဒေသများမှ ကလေးများဖြစ်ပါက ပညာရေးဆိုင်ရာ အထောက်အထားများ မပြည့်စုံနိုင်သည့်အခြေအနေများရှိနိုင်သဖြင့် ၎င်းဒေသတွင် နေထိုင်ခဲ့ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ အဆိုပါဒေသရှိ အခြေခံပညာကျောင်းများမှကျောင်းအုပ်ကြီးများ၏ ပညာရေးဆိုင်ရာထောက်ခံချက်နှင့် ကျန်းမာရေးမှူး၏ အသက်ထောက်ခံချက်များဖြင့် စိစစ်ပြီး Placement Test ဖြေဆိုခွင့်ပြုစေလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ အခြေခံပညာဦးစီးဌာနမှ အသက် ၁၅ နှစ်၊ ၃ လ အထိရှိသည့် ကျောင်းနေအရွယ် ကလေးများအတွက် Placement Test (အထူးအစီအစဉ်)ဖြင့် အသက်နှင့် အတန်းချိန်ညှိ၍ ပညာသင်ယူခွင့် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်းနှင့် အသက်၁၅နှစ်၃လအထက်ကလေးလူငယ်များအတွက်ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တန်းညှိပညာရေး အစီအစဉ်များမှတစ်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးကို စဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်နိုင်သည့် ကျောင်းပြင်ပရောက်နေသော ကလေးသူငယ်များအား ကျောင်းပြင်ပ တန်းညှိပညာရေးအစီအစဉ်များဖြင့် အခြေခံပညာအဆင့်ပြီးမြောက်စေရေးမူဝါဒများချမှတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ရန်ကင်းမဲဆန္ဒနယ်မှ ဦးတင်မိုးအောင်(ခ)နေရှိုင်း၏ **လိုင်စင်မဲ့ မော်တော်ယာဉ်များကို တရားဝင် မှတ်ပုံတင်ခွင့်ပြုနိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် တရားဝင်ခွင့်ပြုချက်ဖြင့်တင်သွင်းရောက်ရှိလာသော မော်တော်ယာဉ်များနှင့် ပြည်တွင်း၌တပ်ဆင်ထုတ်လုပ်သောမော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်ခြင်း ဆောင်ရွက်ပေးရာတွင် ပြည်ပမှတင်သွင်းလာသည့်မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင် လျှောက်ထားရာ၌ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (သို့မဟုတ်) Release Order Notification၊ အကောက်ခွန်ဖော်ပြချက်ကိုလည်းကောင်း၊ ပြည်တွင်း၌ CKD/SKD စနစ်ဖြင့်ထုတ်လုပ်သည့် မော်တော်ယာဉ်များကနဦးမှတ်ပုံတင်လျှောက်ထားရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးထားသော သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင် လက်မှတ်၊ ကုမ္ပဏီ၏ ကိုယ်စားလှယ်ခွင့်ပြုစာ Quality Certificate ကို ကုမ္ပဏီမှ လက်မှတ်ရေးထိုးထားခြင်း Vehicle Identification Number (VIN Plate)၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မော်တော်ယာဉ်အမျိုးအစားအလိုက် ထုတ်လုပ်ခွင့်ပြုချက်၊ Certificate of Approval သို့မဟုတ် Inspection Certificate စသည့် စာရွက်စာတမ်းအထောက်အထားများ တင်ပြမှသာ မှတ်ပုံတင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အထက်ဖော်ပြပါ အထောက်အထားများပါရှိသည့် မော်တော်ယာဉ်များကိုသာ မှတ်ပုံတင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့်ယခင်ကမော်တော်ယာဉ် ၆၂၂၆ စီးကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သော်လည်းတရားမဝင်ဝင်ရောက်မှုများ လျော့နည်းသွားခြင်းမရှိသည့်အတွက် တရားမဝင်ရောက်ရှိနေသော လိုင်စင်မဲ့မော်တော်ယာဉ်များကို ဒဏ်ကြေးနှင့် အခွန်အခများ ပေးဆောင်စေကာ တရားဝင်မှတ်ပုံတင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး၏ **စက်တပ်ဆိုင်ကယ်များကို စနစ်တကျကန့်သတ်ရန်နှင့် ဘေးတွဲပုဂ္ဂလိကတစ်ဝက် နိုင်ငံတော်က တစ်ဝက်မျှခံစနစ်ဖြင့် သုံးဘီးယာဉ်ငယ်များ ရောင်းချပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ဒုတိယဝန်ကြီး ဦးအောင်မြိုင်က အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုနေသော တရားမဝင် ဘေးတွဲမော်တော်ဆိုင်ကယ်များသည် စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျစမ်းသပ်ထုတ်လုပ်ထားသော စက်ရုံထုတ်ယာဉ်မဟုတ်ဘဲဒေသန္တရ အလုပ်ရုံ(Workshop)များတွင် မိမိသဘောဆန္ဒအလျောက်ပြုပြင်ထားခြင်းများဖြစ်သောကြောင့် Road Safety အရ မောင်းနှင်သူ အပါအဝင် လိုက်ပါစီးနင်းသူ ခရီးသွားပြည်သူများ၊ အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အသုံးပြုနေသော လမ်းအသုံးပြုသူများအား အန္တရာယ်ဖြစ်စေနိုင်သောကြောင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ တရားမဝင်ဘေးတွဲများ အသုံးပြုခြင်းအား ခွင့်ပြု၍မရပါကြောင်း၊ ခေတ္တမောင်းနှင်ခွင့်(ယာယီ) လိုင်စင်ထုတ်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် ဘေးတွဲကိုပုဂ္ဂလိကတစ်ဝက် နိုင်ငံတော်ကတစ်ဝက်မျှခံစနစ်ဖြင့် သုံးဘီးယာဉ်ငယ်များကို ရောင်းချပေးနိုင်ရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၏ **ကြာအင်းဆိပ်ကြီး မြို့ပေါ် TR(18)လုံး အတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ၂၀၂၃ ခုနှစ်နိုဝင်ဘာလတွင် မွန်ပြည်နယ်၊ ချောင်းနှစ်ခွကျေးရွာ၌ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားပြီး မွန်ပြည်နယ်အတွင်းရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂ မိုင်ခန့် ထိခိုက်ပျက်စီးခဲ့မှုကြောင့် ချောင်းနှစ်ခွကျေးရွာအပါအဝင် ကြာအင်းဆိပ်ကြီး မြို့ပေါ်ရပ်ကွက်များနှင့် ဌာနဆိုင်ရာရုံးများ ဓာတ်အားပြတ်တောက်ခဲ့ပြီး တည်ဆောက်ထားသည့်၁၁ကေဗွီဓာတ်အားလိုင်း၊၄၀၀ ဗို့ဓာတ်အားလိုင်းများနှင့် ၁၁/သုည ဒသမ ၄ ကေဗွီထရန်စဖော်မာများ၏ ပျက်စီးမှုများအား နယ်မြေလုံခြုံရေးအခြေအနေအရ ယနေ့အချိန်ထိ စစ်ဆေးနိုင်ခြင်းမရှိသေးပါကြောင်း။

မွန်ပြည်နယ်အတွင်းရှိ၁၁ ကေဗွီ ဓာတ်အားလိုင်းအား ပြုပြင်ခြင်းနှင့် ကရင်ပြည်နယ်ဘက်ခြမ်းရှိ၁၁ကေဗွီ ဓာတ်အားလိုင်း၁၇မိုင်၊ကြာအင်းဆိပ်ကြီးမြို့ပေါ်ရှိ၄၀၀ဗို့ဓာတ်အားလိုင်း ၅ မိုင်ခန့်နှင့်၁၁/သုည ဒသမ ၄ ကေဗွီ ထရန်စဖော်မာများအား ဒေသလုံခြုံရေးအပေါ်မူတည်၍ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ပြီးမှသာ ကြာအင်းဆိပ်ကြီးမြို့သို့ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၏ **မော်လမြိုင်ကျွန်းမြို့နယ်၌ ဓာတ်အားခွဲရုံ (66 KV) တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဖျာပုံ၊ ဘိုကလေးနှင့် မော်လမြိုင်ကျွန်းမြို့များ ဗို့အားတိုးတက်ကောင်းမွန်ပြီး ဓာတ်အားပိုမိုပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် ၃၃ ကေဗွီ ဓာတ်အားစနစ်မှ ၆၆ ကေဗွီ ဓာတ်အားစနစ်သို့ တိုးမြှင့်ရန် ၆၆ ကေဗွီကျိုက်လတ်-ဖျာပုံ ဓာတ်အားလိုင်း ၁၄ ဒသမ ၆ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဖျာပုံ ဓာတ်အားခွဲရုံ စီမံကိန်းအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ၆၆ ကေဗွီ ဖျာပုံ-ဘိုကလေး ဓာတ်အားလိုင်း ၂၁ ဒသမ ၄ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၂ x ၁၀ အမ်ဗွီအေ ဘိုကလေး ဓာတ်အားခွဲရုံ စီမံကိန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်နှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်များတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဘိုကလေးမြို့သို့ ၆၆ ကေဗွီ ဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိပြီးပါက ၆၆ ကေဗွီဘိုကလေး-မော်လမြိုင်ကျွန်း ဓာတ်အားလိုင်း ၁၈ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ မော်လမြိုင်ကျွန်းဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ဆက်လက်လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးဆင်ဆုန်း၏ **ကချင်ပြည်နယ်၊ ကဆန်ချောင်းမှ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်းအား မည်သည့်အချိန်တွင် စတင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်းမြို့နယ်တွင် လျှပ်စစ်မီး အပြည့်အဝရရှိရေးအတွက် နောင်မွန်းမြို့၏ အနောက်ဘက် ၁၁ မိုင်ခန့်အကွာရှိ ကဆန်ချောင်းမှ အသေးစားရေအားလျှပ်စစ်ထုတ်ယူနိုင်ရန် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှပဏာမစူးစမ်းတိုင်းတာရေးအဖွဲ့က အသေးစိတ်ကွင်းဆင်းတိုင်းတာ စစ်ဆေးဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်ဆေးတွေ့ရှိချက်အရ ရေဆင်းဧရိယာ ၁၄၅ စတုရန်းကီလိုမီတာရှိပြီး စက်တပ်ဆင်အင်အား ၁၈၀၀ ကီလိုဝပ်မှ ၂၀၀၀ ကီလိုဝပ်အထိထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ နောင်မွန်းမြို့နယ်၏ ဓာတ်အားလိုအပ်ချက်မှာ ၇၀၀ ကီလိုဝပ်ဖြစ်ပါသဖြင့် ကဆန်ချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်း ဆောင်ရွက်နိုင်ပါက နောင်မွန်းမြို့နယ်မှာ ၂၄ နာရီ ဓာတ်အား အပြည့်အဝရရှိမည်ဖြစ်ပါကြောင်း။

နယ်မြေလုံခြုံရေးအခြေအနေအရ တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများသယ်ယူရန် အခက်အခဲရှိခြင်း၊ ရင်းနှီးမြှုပ်နှံလိုသူ ဒေသခံပုဂ္ဂလိကလုပ်ငန်းရှင်များ မရှိသေးခြင်းကြောင့် ကဆန်ချောင်းအသေးစား ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းအား လတ်တလောတည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နယ်မြေအခြေအနေကောင်းမွန်ပြီး ရင်းနှီးမြှုပ်နှံလိုသည့် ဒေသခံပုဂ္ဂလိက လုပ်ငန်းရှင်များမှ လျှောက်ထားလာပါက အသေးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်းဖြစ်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထန်းတပင်မဲဆန္ဒနယ်မှ ဦးကျော်ကျော်ဦး၏ **ထန်းတပင်မြို့ ဆိပ်ကြီးနှင့် အောင်မင်္ဂလာရပ်ကွက်တို့အား ၁၁ ကေဗွီ ထန်းတပင်ဖီဒါလိုင်းအတွင်းသို့ ပြောင်းလဲတပ်ဆင်ရန်နှင့် ဆိပ်ကြီး နှင့် သီရိဟေမာရပ်ကွက်အတွင်းရှိ ရှည်လျားဆားဗစ်များအား ၄၀၀ ဗို့လိုင်းခန်းတိုတပ်ဆင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ ထန်းတပင်မြို့ပေါ်ရှိ ဆိပ်ကြီးရပ်ကွက်နှင့် အောင်မင်္ဂလာရပ်ကွက်တို့အား၁၁ကေဗွီထန်းတပင် (မြို့တွင်း) ဓာတ်အားလိုင်းသို့ ပြောင်းလဲချိတ်ဆက်နိုင်ရန်အတွက် ဆိပ်ကြီးရပ်ကွက်တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၄၉၀၀ နှင့် အောင်မင်္ဂလာရပ်ကွက်တွင်၁၁ကေဗွီ ဓာတ်အားလိုင်း ပေ ၂၇၀၀ တည်ဆောက်ခြင်းနှင့် ရှည်လျားဆားဗစ်ကြိုးများအတွက် ဆိပ်ကြီးရပ်ကွက်တွင် ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၁၇၀၀ နှင့် သီရိဟေမာရပ်ကွက်တွင် ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၂၁၀၀ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းပြန်လည် ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **သာပေါင်းမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဝန်ထမ်းအိမ်ရာအား အစောဆုံး ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းပြီး ဆက်လက် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက သာပေါင်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ (၆) ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းအား Ample Power ကုမ္ပဏီမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တင်ဒါအောင်မြင်ခဲ့ပြီး အဆိုပါဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းတစ်ခုလုံး၏ ၇၅ရာခိုင်နှုန်း ပြီးစီးခဲ့ပါသဖြင့် ကျပ်သန်း ၅၂၇ ဒသမ ၁၀၁ အားပေးချေခဲ့ပြီးဖြစ်ပါကြောင်း။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျန်ရှိသော လုပ်ငန်းတစ်ခုလုံး၏ စတုတ္ထအရစ်ဖြစ်သည့် ၂၅ ရာခိုင်နှုန်းအား ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိခဲ့ပြီး စတုတ္ထအရစ်အတွက် ၁၈ ရာခိုင်နှုန်းသာပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ကျပ်သန်း ၁၃၃ ဒသမ ၁၄အား ပေးချေခဲ့ပြီး လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသည့် စတုတ္ထအရစ်၏ ၇ ရာခိုင်နှုန်းအတွက် ကျန်ရှိသောခွင့်ပြုငွေကျပ်

**စာမျက်နှာ ၈ သို့** ➤

➤ စာမျက်နှာ ၇ မှ
သန်း ၄၂ ဒသမ ၅၆၁ အား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ထပ်မံခွဲဝေချထားခဲ့ရာ Ample Power ကုမ္ပဏီမှ ဆောင်ရွက်ရန်အတွက်နောက်ဆက်တွဲစာချုပ်အား ၂၀၂၂ ခုနှစ်တွင် ချုပ်ဆိုခဲ့သော်လည်း လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိတော့ပါကြောင်း။

သို့ဖြစ်၍ AmplePower ကုမ္ပဏီအား ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တရားစွဲဆိုရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းအပြီးသတ် ဆောင်ရွက်ရန်ကျန်ရှိသည့် ဘဏ္ဍာငွေအား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရေတာရှည်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းမိုး၏ **ရေတာရှည်မြို့နယ်၊ မြို့နယ်ပြည်သူ့ဆေးရုံကို အထူးကုဆရာဝန်ကြီးများပါဝင်သော စံကိုက်ခုတင်(၅၀) ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်တွင် ၂၅ ခုတင်ဆံ့မြို့နယ်ဆေးရုံ ၁ ရုံ၊ ဆွာတိုက်နယ်ဆေးရုံ၊ မြို့လှတိုက်နယ်ဆေးရုံနှင့် ရေနီတိုက်နယ်ဆေးရုံ၊ စုစုပေါင်း ဆေးရုံ ၄ ရုံ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါကြောင်း၊ ရေတာရှည်မြို့နယ်ဆေးရုံသည် တောင်ငူပြည်သူ့ဆေးရုံကြီးနှင့် ၁၇ မိုင်၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီးနှင့် မိုင် ၆၀ ခန့်ကွာဝေးပါကြောင်း၊ ရေတာရှည်မြို့နယ်ဆေးရုံ၏ ၃ နှစ်စာပျမ်းမျှခြင်း အနေဖြင့် တစ်ရက်ပျမ်းမျှ အတွင်းလူနာဦးရေမှာ ၂၁ ဦးရှိပြီး၊ ဆေးရုံခွင့်ပြုခုတင်အသုံးချမှုရာခိုင် နှုန်း ၈၂ ရာခိုင်နှုန်းသာရှိ၍ လတ်တလောတွင် ခုတင် ၅၀ ဆေးရုံအဖြစ် တိုးမြှင့်ရန်မလိုအပ်သေးပါကြောင်း၊ နောင်တွင် ခုတင်အသုံးပြုမှုရာခိုင်နှုန်းတိုးလာပါက ဘဏ္ဍာငွေခွဲဝေရရှိမှုပေါ်မူတည်၍ ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တိုက်ကြီးမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **ဖလှုံဘူတာကျေးရွာအုပ်စုမှ ကျေးလက်ကျန်းမာရေး ဌာနခွဲအား ကျေးလက်ကျန်းမာရေး ဌာနအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိမရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဖလှုံဘူတာကျေးရွာအုပ်စုတွင် ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၁၆၉၈ အိမ်နှင့် လူဦးရေ ၇၄၆၈ ဦးရှိပါကြောင်း၊ ဖလှုံဘူတာကျေးလက်ကျန်းမာရေးဌာနခွဲသည် ကံကုန်းကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိပြီး ကျေးရွာပေါင်း ၁၇ ရွာ၊ အိမ်ခြေ ၂၅၆၀ နှင့် လူဦးရေ ၁၀၅၅၀ ကို သားဖွားဆရာမ ၁ ဦးနှင့် ကျန်းမာရေးမှူး-၄ (၁)ဦးတို့မှ ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ ထိုကျေးရွာများအနက် ဖလှုံဘူတာကျေးရွာမှ (၁၀) မိုင်ခန့် ကွာဝေးသော ကင်းမထီး(အထက်)၊ ကင်းမထီး(အလယ်)၊ ကင်းမထီး (အောက်)ကျေးရွာများသည် မိုးရာသီတွင် လမ်းခရီးကြမ်းတမ်းကာ သွားလာရန်ခက်ခဲသော ကျေးရွာများဖြစ်ပါကြောင်း။

ဖလှုံဘူတာကျေးရွာသည် ဗဟိုအချက်အချာကျပြီး ဥက္ကံတိုက်နယ်ဆေးရုံနှင့် ၈ မိုင်ခန့်၊ တိုက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံနှင့် ၁၅ မိုင်ခန့်ကွာဝေးပြီး လူနာထပ်ဆင့်ပို့ဆောင်ရေးအတွက် လမ်းပန်းဆက်သွယ်မှုအားကောင်းပါကြောင်း။

ဖလှုံဘူတာကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနဆောက်လုပ်ရန်အတွက် ပေ ၁၅၀ ပတ်လည်မြေနေရာအား ကျေးလက်ကျန်းမာရေးဌာနအမည်ပေါက် ပုံစံ(၁၀၅-၁၀၆)ရရှိရေး ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း၊ အခြေခံမူအားဖြင့် ကျန်းမာရေးဝန်ကြီးဌာနပိုင်အဖြစ်ဂရန်အမည်ပေါက်(သို့မဟုတ်) အနိမ့်ဆုံးအနေဖြင့် ပုံစံ (၁၀၅-၁၀၆) ရှိရမည်ဖြစ်ရာ အဆိုပါမြေယာပိုင်ဆိုင်မှုရရှိပါက ဖလှုံဘူတာကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်နိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **လယ်ပြင်စုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဒေါက်တာအေးထွန်းကရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မိုးကြိုးပစ်ကျေးရွာအုပ်စု၊ လယ်ပြင်စုကျေးရွာတွင် ကျီးပင်ဆိပ်ကွင်းအမှတ်(၂၇၅-က) ဦးပိုင်အမှတ်N-3၊ ဧရိယာ သုည ဒသမ ၃၄ ဧကရှိမြေလွတ်မြေရိုင်းအနက်မှ (အလျား ပေ ၂၀၀ x အနံ ၅၀) သုည ဒသမ ၂၃ ဧကအားရယူ၍ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦအား ဆောက်လုပ်ရန် လျာထားပါကြောင်း၊ အခြေခံမူအားဖြင့် ကျန်းမာရေးဝန်ကြီး ဌာနပိုင်အဖြစ်ဂရန်အမည်ပေါက် (သို့မဟုတ်) အနိမ့်ဆုံးအနေဖြင့် ပုံစံ(၁၀၅-၁၀၆) ရှိရမည်ဖြစ်ရာ မြေစာရင်းဦးစီးဌာနမှတစ်ဆင့် ဗဟိုမြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီသို့တင်ပြလျှောက်ထားပြီး ပုံစံ(၁၀၅-၁၀၆)ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါမြေယာပိုင်ဆိုင်မှုရရှိပါက ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လယ်ပြင်စုကျေးရွာတွင်ကျေးလက်ကျန်းမာရေး ဌာနခွဲ ဖွင့်လှစ်နိုင်ရန် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရယ်မဲဆန္ဒနယ်မှဦးစိုင်းအောင်ညွန့်၏ **မိုင်းရယ်မြို့နယ်မန်မုံတိုက်နယ်ဆေးရုံတွင်ကျန်းမာရေးဝန်ထမ်းများ ထပ်မံခန့်ထားဖြည့်ဆည်းပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ရှမ်းပြည်နယ်၊ မိုင်းရယ်မြို့နယ်၊ မန်မုံတိုက်နယ်ဆေးရုံတွင်ဆေးဘက်ကျွမ်းကျင်(၄) (ခတ်ခွဲ) ၁ ဦးအပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုသရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် အထက်တန်းသူနာပြု(၁)ဦးနှင့် သူနာပြု(၂)ဦးတို့ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်မှစ၍ တာဝန်ထမ်းဆောင်လျက်ရှိပြီး ရှမ်းပြည်နယ်မိုင်းရယ်မြို့နယ်ပြည်သူ့ဆေးရုံတွင် မြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ပြည့်ဖြိုးအောင်က တာဝန်ယူကုသပေးလျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာန၏ ၁၈-၉-၂၀၂၆ ရက်စွဲပါစာဖြင့် လားရှိုးမြို့ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန် ဒေါက်တာရဲနိုင်ဦးသည် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့မှစ၍ မိုင်းရယ်မြို့နယ်၊ မန်မုံတိုက်နယ်ဆေးရုံတွင် စတင်တာဝန် ထမ်းဆောင်နေပြီဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ **ဦးအေးချမ်းက “မြန်မာနိုင်ငံ ပြည်တွင်းဘဏ်များ အရေအတွက်လျှော့ချပြီး ပိုမိုခိုင်မာအင်အားကြီးပြီး အရည်အသွေးမြင့်သော ဘဏ်များ ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းရာ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော်က သဘောတူသဖြင့်အဆိုအားလက်ခံဆွေးနွေးမည် ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက်အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း”နှင့်“တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း”** တို့နှင့်စပ်လျဉ်း၍လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်များက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများ တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေးသတ္တမနေ့ကိုစက်တင်ဘာလ ၂၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ရွှေရှုခင်း

❖ အလှဝေစည်၊ မြန်မာပြည်ဟု
ပန်းချီဓာတ်ပုံ၊ ရှုထောင့်စုံနှင့်
အာရုံညှို့ငင်၊ ဖန်တီးရှင်တို့
တင်ပြလက်ရာ၊ အခွင့်သာတိုင်း
စိတ်မှာကြည်နူး ရှုမြင်ဖူး။

❖ ဖြူနီညိုပြာ၊ သာရကာနှင့်
ဆိပ်သာကမ်းသောင်၊ ဘော်ငွေရောင်နှင့်
တောင်လည်းသာမော၊ ပန်းစုံတောနှင့်
တောလည်းစိုစို၊ စမ်းရေချိုနှင့်
ကောက်ပျိုစိမ်းဝေ၊ ယာလယ်မြေနှင့်
ရှုလေမြင်ရ ပသာဒ။

❖ နယ်ရပ်ဒေသ၊ သဘာဝ၏
အလှပင်ကို၊ သည်တိုင်းဆိုမူ
ဘယ်လိုခြယ်သ၊ ဘယ်သို့ပြစေ
အလှပန်းချီ၊ လှမဝီနိုင်
လှသည်ဆိုက၊ ဆို၍ရရုံ
မြန်မာ့မျက်စိ မစွဲငြိ။

❖ အလှဝေစည်၊ မြန်မာပြည်၏
မည်သည့်ဒေသ၊ ပသာဒနှင့်
ကာလရာသီ၊ ဘယ်သို့မီစေ
နေခြည်အပျိုး၊ ရွှေရည်ဖြိုးသည့်
“ပုထိုးစေတီ၊ မွေသရီ” တို့
ပန်းချီ ဓာတ်ပုံ၊ အစုံစုံ၌
အာရုံသက်ဝင်၊ ဖူးတွေ့မြင်မှ
ကြည်လင်ချမ်းမြ၊ ဘဝင်ကျသည်
လှဆုံးပုံရိပ် ထင်တကား။ ။

ချစ်စုအောင်

---

● ရှေ့ဖုံးမှအဆက်

ဖြစ်ပွားလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်သည့် ကညံ့ရုပ်ကွက်နှင့် ဘုံမော်ရပ်ကွက်တို့ရှိ ရေဘေးသင့်ပြည်သူများအား ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခြင်း၊ နီးစပ်ရာဆွေမျိုးများ၏နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ တနင်္သာရီမြို့နယ်အတွင်း စက်တင်ဘာလ ၂၄ ရက်မှ ယနေ့အထိ မိုးအဆက်မပြတ်ရွာသွန်း၍ တောင်ကျချောင်းရေကျဆင်းမှုများကြောင့်သဲဖြူကျေးရွာနှင့် မောတောင်ငယ်အကြား ကားလမ်းပေါ်တွင်မြေပြိုကျမှုဖြစ်ပေါ်သည့်နေရာများ၊ ချောင်းရေမြင့်တက်၍ ရေကျော်မှု ဖြစ်ပွားလျက်ရှိသည့် လမ်းတစ်လျှောက်ရှိတံတားများတွင် ရေစီးနှင့်အတူ မျောပါလာသည့် သစ်ပင်၊ သစ်ကိုင်းများ၊ နုန်းများအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ပုလောမြို့၊ သရက်ချောင်းမြို့နှင့် လောင်းလုံးမြို့တို့တွင်လည်း ရေဘေး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ရေကြီးရေလျှံမှုဖြစ်ပေါ်လျက်ရှိသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိမြို့နယ်များတွင် ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ပေးနေမှုများကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၈**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၁ ဦး တက်ရောက်သဖြင့်ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ်(တောင်ပိုင်း)၊ရပ်စောက်မြို့နယ်၊ မားသဲကျေးရွာအုပ်စုရှိ ကျေးရွာအများစု ဆက်သွယ်သွားလာသည့် ဗထူး - မုံပြင်လမ်း (၁၈)မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မုံပြင် - ရေဖြူလမ်း (၁)မိုင်ကို မြေသားအမာခံ ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လမ်းအရှည် ၁၉ မိုင်အနက် ဗထူးလမ်းခွဲမှ ရေဖြူရွာအထိ လမ်းအရှည် ၁၅ မိုင် ၂ ဖာလုံသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းပိုင်းတွင်ပါဝင်ပြီး ကျန်လမ်းပိုင်း လမ်းအရှည် ၃ မိုင် ၆ ဖာလုံခန့်သည် လတ်တလောလမ်းမှတ်တမ်းစာရင်းတွင်ပါဝင်ခြင်းမရှိသေးသည့်အတွက် လမ်းသိမ်းသွင်းခြင်းလုပ်ငန်းစဉ်ကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဗထူးလမ်းခွဲမှ ရေဖြူရွာအထိ လမ်းပိုင်း အရှည် ၁၅ မိုင် ၂ ဖာလုံအနက်မှ ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ရန်ကျန်ရှိသော မြေလမ်း ၂ မိုင် ၄ ဖာလုံကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပြီး ကျောက်ခင်းလမ်းအပိုင်းများအား ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပေါင်းစပ်၍ နှစ်အလိုက် လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးတို့အတွက် အောင်ပန်းမြို့တွင် မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်လိုသည့် အဆိုပြုလမ်းအပိုင်းသည် မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်းနှင့် ဆက်စပ်နေပြီး ကလောခရိုင်၊ ကလောမြို့နယ်အပိုင်းတွင် ပါဝင်ပါကြောင်း၊ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း။

အောင်ပန်းမြို့ရှောင်လမ်းအား လယ်ယာမြေထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကြိုတင်လေ့လာမှု ဆောင်ရွက်ပြီးပါက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ်၊ တနိုင်းခရိုင်၊ တနိုင်းမြို့နယ်၊ မိုင်းခွန်းကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းပိုင်း (၁၃)မိုင်ရှိပြီး ၎င်း(၁၃)မိုင်တွင် ကွန်ကရစ်လမ်း (၂)မိုင် (၇)ဖာလုံ၊ အမာခံလမ်း (၈)မိုင် (၁)ဖာလုံနှင့် မြေသားလမ်း(လမ်းမဖောက်ရသေး) (၂)မိုင်ရှိပြီး ကွန်ကရစ်ခင်းရန် ကျန်ရှိသောအပိုင်းအား ကွန်ကရစ်ဆက်လက်ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကချင်ပြည်နယ်၊ တနိုင်းခရိုင်၊ တနိုင်းမြို့နယ်၊ မိုင်းခွန်းကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းပိုင်း ၁၃ မိုင်တွင် ကွန်ကရစ်ခင်းရန်ကျန်ရှိသော ၁၀ မိုင် ၁ ဖာလုံအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် ပထမအဆင့်အနေဖြင့် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်တွင် မြေသားလမ်းအပိုင်း၏ မိုင်တိုင် ၁၁/၀ မှ ၁၁/၆ အတွင်း ၆ ဖာလုံအား ပြန်လည်ပြုပြင်ဖောက်လုပ်ခြင်းနှင့် အမာခံလမ်းခင်းခြင်းလုပ်ငန်း၊ ဒုတိယအဆင့်အနေဖြင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစတင်၍ မြေသားလမ်းအပိုင်း၏ ကျန်ရှိနေသော ၁ မိုင် ၂ ဖာလုံအား ပြန်လည်ပြုပြင်ဖောက်လုပ်ခြင်းနှင့် အမာခံလမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပြီး အမာခံလမ်းများအဖြစ်ဆောင်ရွက်ပြီးပါက ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေဆက်လက်လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၄) ဒေါ်မီမီကျော်ထွန်း၏ **၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုအခွန်ဥပဒေပါ ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေများ စနစ်တကျစုဆောင်းရရှိရေး၊ ဒေသအတွင်းရှိ စီးပွားရေးလုပ်ငန်းများအား အဆင်ပြေချောမွေ့စွာ အခွန်ပေးဆောင်နိုင်ရေးနှင့် ခရိုင်အဆင့်ဒေသအဖြစ် အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်လာစေရေးတို့အတွက် တနိုင်းမြို့နယ်တွင် အခွန်ဦးစီးဌာနရုံး တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က တနိုင်းမြို့နယ်သည် ကချင်ပြည်နယ်ရှိ (၇) အဆင့်မြို့နယ်တစ်ခုဖြစ်ပြီး ပြည်တွင်းအခွန်များဦးစီးဌာန၏ ဖွဲ့စည်းပုံအရ မြို့နယ်ရုံး ဖွင့်လှစ်ထားခြင်းမရှိသေးသော်လည်း မြို့နယ်ရုံးတွင် အခွန်ကောက်ခံမှု လုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် မြစ်ကြီးနားမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ယူပြီး တနိုင်းမြို့သို့ သုံးလတစ်ကြိမ် သွားရောက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တနိုင်းမြို့နယ်၏ အခွန်စည်းကြပ်ထိုက်သော ပုဂ္ဂိုလ်တို့ အခြေအနေအရ တနိုင်းမြို့နယ်၌ မြို့နယ်အခွန်ဦးစီးမှူးရုံးဖွင့်လှစ်ရန် လတ်တလောအနေဖြင့် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) ဦးကျော်ကျော်လတ်၏ **CHUBB Life Myanmar Insurance Company နှင့်ပတ်သက်၍ ပြည်သူများ၏ အာမခံအခွင့်အရေးများ ဆုံးရှုံးနေမှုကို သက်ဆိုင်ရာ ဌာနများမှ မည်သို့ စီမံဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က Chubb Life Myanmar Insurance Company သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် ယင်းတို့၏ သဘောဖြင့် ကြိုတင်အကြောင်းကြားခြင်း မရှိဘဲ ပိတ်သိမ်းပြီး မြန်မာနိုင်ငံမှ ထွက်ခွာသွားခြင်းနှင့်စပ်လျဉ်း၍ Chubb Life Myanmar Insurance Company အသက်အာမခံ ဝယ်ယူထားသည့် ပေါ်လစီရှင်များ ဆုံးရှုံးနစ်နာမှုမရှိစေရေး ရန်ကုန်မြို့ မြန်မာနိုင်ငံ အာမခံအသင်း၌ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာနိုင်ငံ အာမခံအသင်းနှင့် လိုင်စင်ရအသက်အာမခံကုမ္ပဏီများ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်အရ "နိုင်ငံတကာရှိ အာမခံကုမ္ပဏီများ ဖျက်သိမ်းသည့်အခါ ဆောင်ရွက်သည့် နည်းလမ်းဖြစ်သော ယင်းကုမ္ပဏီမှ အာမခံဝယ်ယူထားသည့်အသက်အာမခံပေါ်လစီများကိုမြန်မာနိုင်ငံအတွင်းရှိ အခြားအသက်အာမခံ ကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေးနိုင်ရေး" ဆွေးနွေးဆောင်ရွက်ခဲ့ပါကြောင်း။

Chubb Life Myanmar Insur-ance Company ၏ ရရန်ရှိနှင့် ပေးရန်ရှိများအား လွှဲပြောင်းရယူမည့် အသက်အာမခံကုမ္ပဏီထံမှ စိတ်ဝင်စားမှု အဆိုပြုလွှာ (EOI) ကို ဖိတ်ခေါ်ခဲ့ရာ နိုင်ငံခြားရာနှုန်းပြည့်ပိုင် အသက်အာမခံ ကုမ္ပဏီတစ်ခုက EOI ပေးပို့လာပါကြောင်း၊ ၎င်းတို့ တင်ပြထားသော EOI လုပ်ငန်းစဉ်နှင့် အချိန်ဇယားအတိုင်း Chubb Life Myanmar Insurance Company ၏ အသက်အာမခံ ပေါ်လစီများကို ဆန်းစစ်မှုများ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

အသက်အာမခံ ပေါ်လစီရှင်များအား စိစစ်မှုလုပ်ငန်းစဉ် (Due Diligence) ဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းခန့် စိစစ်ပြီးဖြစ်ပါကြောင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် Chubb Life Myanmar Insurance Company ထံမှ အာမခံဝယ်ယူထားသည့် ပြည်သူများ၏ အာမခံအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေးအတွက် Myanmar Insurance Company အာမခံပေါ်လစီရှင်များကို လက်ခံရယူမည့်ကုမ္ပဏီမှစိစစ်မှုလုပ်ငန်းစဉ် (Due Diligence) ပြီးစီးချိန်တွင် အာမခံအမျိုးအစားအပေါ်မူတည်ပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယင်းသို့ ဆောင်ရွက်မည့် အခြေအနေများကိုလည်း Chubb Life Myanmar Insurance Company ၏ အသက်အာမခံပေါ်လစီရှင်များသို့ "အသိပေးကြေညာချက်" ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း၊ Chubb Life Myanmar Insurance Company ကိုလည်း "အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ" ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **မြန်မာနိုင်ငံအတွင်း အာမခံလုပ်ငန်းများရပ်ဆိုင်း၊ ထွက်ခွာသည့်အခါ အာမခံထားသူ ပြည်သူများ၏ ရပိုင်ခွင့်များမဆုံးရှုံးစေရန် အာမခံကာကွယ်ရေး ရန်ပုံငွေ (Insurance Guarantee Fund) တည်ထောင်ရေးနှင့် လွှဲပြောင်းကာကွယ်ရေးစနစ် ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

**ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် ( ၉ ) ဦးသောင်းရွှေ**က အာမခံလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဘဝ လုံခြုံစိတ်ချရမှုအတွက် လွန်စွာမှအရေးကြီးသည့် လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ အာမခံကုမ္ပဏီများ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းရပ်ဆိုင်းကာ သို့မဟုတ် ပြည်ပကုမ္ပဏီများဖြစ်ပါက ပြည်ပသို့ထွက်ခွာသွားခြင်းရှိခဲ့ပါက ပြည်သူများဆုံးရှုံးနစ်နာမှုများ ရင်ဆိုင်ရနိုင်ပါသောကြောင့် အကာအကွယ်ပေးမည့် စနစ်တစ်ခုရှိရန် လိုအပ်ပါကြောင်း၊ အာမခံလုပ်ငန်း ဈေးကွက်တည်ငြိမ်ရန် အာမခံကုမ္ပဏီများသည် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုရရှိရန် ဥပဒေကြောင်းအရ အာမခံချက်ရှိရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံတွင် အာမခံကာကွယ်ရေး ရန်ပုံငွေတည်ထောင်ရန်နှင့် အာမခံစာချုပ် လွှဲပြောင်းကာကွယ်ရေးစနစ်ကို ကြိုတင်ပြီး ဥပဒေ သို့မဟုတ် ပြင်ဆင်ပြဋ္ဌာန်းချက်မျိုး ရှိရန်လိုအပ်ပါကြောင်း၊ အာမခံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်း၊ အလုပ်အကိုင်များဖန်တီးနိုင်ခြင်း၊ အခွန်ဝင်ငွေ တိုးပွားလာခြင်း၊ အစိုးရ၏ ဝန်ထုပ်ဝန်ပိုး လျော့နည်းလာခြင်းနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ လုံခြုံမှုမြင့်မားလာခြင်းတို့မှတစ်ဆင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းများ ခိုင်မာစွာ ရပ်တည်ဆောင်ရွက်နိုင်ရန်နှင့် အာမခံထားသူ ပြည်သူများ၏ ရပိုင်ခွင့်များ မဆုံးရှုံးစေရန်အတွက် အဆိုအား ထောက်ခံကြောင်း ဆွေးနွေးသည်။

**စာမျက်နှာ ၁၀ သို့ ⇨**

⇨ စာမျက်နှာ ၉ မှ

**တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်**က ပြည်သူများသည် မိမိတို့၏အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများကို ရုတ်တရက်ကြုံတွေ့လာရမည့် အန္တရာယ်များမှ ကာကွယ်ရန်အတွက် ရေရှည်ရင်းနှီးမြှုပ်နှံပြီး ယုံကြည်စိတ်ချစွာ အပ်နှံထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အာမခံထားသူများ၏ အခွင့်အရေးကို ကြိုတင်ကာကွယ်ပေးနိုင်မည့် စနစ်တစ်ခု တည်ဆောက်ရန် အလွန်အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံ၏ အာမခံပျံ့နှံ့မှု (Insurance Penetration) ၏ ဂျီဒီပီသည် (သုည ဒသမ ၂) ရာခိုင်နှုန်းဝန်းကျင်သို့ ရောက်ရှိနေပြီကို လေ့လာတွေ့ရှိရသဖြင့် မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းဈေးကွက်တိုးတက်လာရန် အလားအလာရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အရှိန်အဟုန်နှင့် ဖွံ့ဖြိုးလာမည့် ဈေးကွက်ကြီး တည်ငြိမ်ရန်အတွက် အဓိကအကျဆုံး အချက်သည် ပြည်သူလူထု၏ ယုံကြည်မှုရရှိရန် ဖြစ်ပါကြောင်း၊ အာမခံလုပ်ငန်းသည် လျော်ကြေးပေးသည့် လုပ်ငန်းတစ်ခုသာ မဟုတ်ဘဲ နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော ဘဏ္ဍာရေးမဏ္ဍိုင်တစ်ခုဖြစ်ပါကြောင်း၊ အာမခံဈေးကွက်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်း၊ အလုပ်အကိုင်များဖန်တီးနိုင်ခြင်း၊ အခွန်ဝင်ငွေတိုးပွားလာခြင်း၊ အစိုးရ၏ ဘဏ္ဍာရေး ဝန်ထုပ်ဝန်ပိုး လျော့နည်းလာခြင်းနှင့် ပြည်သူများ၏ ဘဝလုံခြုံရေးမြင့်မားလာခြင်းတို့မှ တစ်ဆင့် နိုင်ငံတော်၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုပါကြောင်း၊ ပုဂ္ဂလိကနှင့် နိုင်ငံခြားအာမခံကုမ္ပဏီများ ဝင်ရောက်လာမှု၊ နိုင်ငံတကာ ကြီးကြပ်ရေးစံနှုန်းများနှင့် အာမခံထားသူကာကွယ်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် လက်ရှိဥပဒေကို ပြင်ဆင်ခြင်း (သို့မဟုတ်) ခေတ်မီ အာမခံလုပ်ငန်း ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းနိုင်ရန်အတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်( ၈ ) ဦးတင်မောင်ဝင်း**က အဆိုသည် ပြည်သူကို ကာကွယ်ရန် ရည်ရွယ်ချက်ကောင်းများရှိသော်လည်း လက်ရှိ မိမိတို့နိုင်ငံ၏ စီးပွားရေး အခြေအနေနှင့် အာမခံဈေးကွက် အခင်းအကျင်းအရ လက်တွေ့ အကောင်အထည်ဖော်ရန် အချိန်အခါ မကျသေးဘဲ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအပေါ် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၉၆ ခုနှစ် ဇွန်လ ၂၄ ရက်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၆ ဖြင့် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ဥပဒေ၏ အခန်း (၄) တွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (IBRB)ကို အခိုင်အမာ ဖွဲ့စည်းပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် ဥပဒေအသစ်၊ ရန်ပုံငွေအသစ် ထပ်မံတည်ထောင်ပြီး ဗျူရိုကရေစီ ယန္တရားထပ်ချဲ့မည့်အစား လက်ရှိကြီးကြပ်ရေးအဖွဲ့က အာမခံကုမ္ပဏီများ၏ ရန်ပုံငွေ အခြေအနေကို ပိုမိုတင်းကျပ်စွာ စစ်ဆေးရန်နှင့် ကုမ္ပဏီများ ဒေဝါလီမခံရအောင် ကြိုတင်ကာကွယ်သည့် မူဝါဒများကိုသာ အားဖြည့်သင့်ပါကြောင်း၊ ဥပဒေအသစ်များ ထပ်တိုးပြီး စည်းမျဉ်းများ ရှုပ်ထွေးအောင်လုပ်မည့်အစား လက်ရှိစနစ်ကို ပိုမိုထိရောက်အောင် ကိုင်တွယ်ဖြေရှင်းခြင်းသည် ပိုမိုလက်တွေ့ကျသည့် ဖြေရှင်းနည်းဖြစ်ပါကြောင်းနှင့် အဆိုအား မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

**ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးမင်းမင်းထွန်း** က မြန်မာနိုင်ငံ၏ အာမခံကဏ္ဍတွင် လူဦးရေ၏ ၁ ရာခိုင်နှုန်းအောက်သာ အာမခံထားရှိသေးသည့်အတွက် ပြည်သူများ၏ အာမခံစနစ်အပေါ် ယုံကြည်မှု (Public Trust)သည် အလွန်နုနယ်နေသေးသည့် အနေအထားဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝလုံခြုံရေးအတွက် အာမခံစနစ် ပိုမိုဖွံ့ဖြိုးလာရေး တည်ဆောက်နေရသည့်အချိန်တွင် ဥပဒေကြောင်းအရ အကာအကွယ်မဲ့မှုကြောင့် ပြည်သူများ၏ ယုံကြည်မှုပျက်ပြားသွားပါက ရှိရင်းစွဲ ၁ ရာခိုင်နှုန်းသော ဈေးကွက်ပါ ပြိုလဲသွားနိုင်ပြီး စီးပွားရေးမဏ္ဍိုင် တစ်ခုလုံးကို ထိခိုက်စေမည်ဖြစ်ပါကြောင်း၊ ၁၉၉၆ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်၍ဖြစ်စေ၊ နည်းဥပဒေအသစ်ဖြင့်ဖြစ်စေ ကုမ္ပဏီများ တာဝန်မဲ့ မဆုတ်ခွာနိုင်အောင် ပေါ်လစီလွှဲပြောင်းရေး ဥပဒေစနစ်သစ်ကို အမြန်ဆုံး ဖြည့်စွက်ပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်း။

ယခင်သင်ခန်းစာများအရ ဥပဒေကြောင်းဆိုင်ရာ ပြီးပြည့်စုံသည့် ဘဏ္ဍာရေး အကာအကွယ်မရှိဘဲ စီးပွားရေးနှင့် အာမခံကဏ္ဍ တိုးတက်ရေးကို လုပ်ဆောင်၍မရနိုင်ပါကြောင်း၊ ထို့ကြောင့် အဆိုရှင် တောင်းဆိုထားသည့် အာမခံကာကွယ်ရေးရန်ပုံငွေ (Insurance Guarantee Fund) တည်ထောင်ခြင်းနှင့်ပေါ်လစီများ လွှဲပြောင်းကာကွယ်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို တိကျစွာပြဋ္ဌာန်းခြင်းဖြင့် မိဘပြည်သူများ၏ အာမခံငွေကြေးများကို တိုက်ရိုက်ကာကွယ်ပေးနိုင်မည့် တိကျခိုင်လုံသော အဖြေဖြစ်ပါသဖြင့် ပြည်ထောင်စုအစိုးရအနေဖြင့် မဖြစ်မနေ အကောင်အထည်ဖော်ပေးပါရန် အဆိုအား ထောက်ခံဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဦးကျော်တင့်**က မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်အာမခံလုပ်ငန်းဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် (၂၇/၂၀၁၉)တွင် အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ပြဋ္ဌာန်းခဲ့သော်လည်း ယနေ့အထိ ရန်ပုံငွေတည်ထောင်ခြင်း မရှိသေးသည့်အပြင် ဆက်စပ်နည်းဥပဒေများကိုလည်း ထုတ်ပြန်ခြင်းမရှိသေးပါကြောင်း၊ ထို့ကြောင့် (Chubb) ကဲ့သို့ ဖြစ်ရပ်တွင် ပြည်သူများ ဥပဒေအကြောင်းအရ အကာအကွယ်မဲ့နေရခြင်းဖြစ်ပါကြောင်း၊ ထိုပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း။

ယခုအဆိုသည် ဥပဒေတစ်ရပ် အသစ် ပြဋ္ဌာန်းရန်မလိုဘဲ လက်ရှိဥပဒေကို ပြန်လည်ဖြည့်စွက်ပြီး အသက်သွင်းရန်သာ လိုအပ်ပါကြောင်း၊ အာမခံ ကာကွယ်ရေးရန်ပုံငွေကို ဥပဒေနှင့်အညီတည်ထောင်ပါက ယုံကြည်မှုကို ပြန်လည်တည်ဆောက်နိုင်ခြင်း၊ နိုင်ငံဘဏ္ဍာရေးစနစ်၏ လုံခြုံမှုမြင့်တက်လာခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာ တိုးတက်လာခြင်းစသည့်အကျိုးကျေးဇူးများကို ခံစားလာရမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ပြည်သူများ၏ အာမခံကြေးများ မည်သည့်အကြောင်း အမျိုးမျိုးကြောင့် ဆုံးရှုံးခြင်းမရှိစေရန် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) နော်ယုဇနေဝါ**က လက်တွေ့အခြေအနေတွင် မြန်မာ့အာမခံလုပ်ငန်းမှ အာမခံထားရှိသော ပြည်သူများအား လျော်ကြေးပေးဆောင်သည့် အချိုးအစားမှာ အလွန်နည်းပါးနေသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်သူများအနေဖြင့် မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် အခြားယာဉ်များ၏ လိုင်စင်သက်တမ်းတိုးတိုင်း အာမခံကြေးကို မဖြစ်မနေပေးဆောင်နေရသော်လည်း၊ လက်တွေ့တွင် အာမခံ၏ အကာအကွယ်နှင့် ရပိုင်ခွင့်များကိုမရရှိဘဲ အခွန်ပေးဆောင်နေရသကဲ့သို့သာ ဖြစ်နေပါကြောင်း။

အာမခံဥပဒေ၊ နည်းဥပဒေများက ပေးအပ်ထားသော ရပိုင်ခွင့်များကို ပြည်သူများ အပြည့်အဝရရှိစေရန် မြန်မာ့အာမခံလုပ်ငန်းတွင် တာဝန်အရှိဆုံးဖြစ်ပါကြောင်း၊ ရေရှည်တွင် ကမ္ဘာ့ထိပ်တန်းအာမခံကုမ္ပဏီများကဲ့သို့ ဘီလီယံချီကြွယ်ဝချမ်းသာပြီး နှစ်ရာချီတည်တံ့ရန် မြန်မာ့အာမခံလုပ်ငန်းအတွက် ထပ်မံပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေ၊ နည်းဥပဒေများကို ခေတ်နှင့်အညီ ထပ်မံပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း၊ ဥပဒေပါ ပြစ်ဒဏ်နှင့် ဒဏ်ကြေးများသည်လည်း ခေတ်နှင့် လျော်ညီခြင်းမရှိပါကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းမှ ဘီလီယံချီ နိုင်ငံအခွန်များရရှိစေရန် ပြည်တွင်းပြည်ပမှ ငွေကြေးဆိုင်ရာ ပညာရှင်များ၊ အဖွဲ့အစည်းများ၏ အကူအညီရယူပြီး မူဝါဒလမ်းစဉ်များ၊ ဥပဒေ၊ နည်းဥပဒေများနှင့် နည်းဗျူဟာများ တိတိကျကျ လုပ်ကိုင်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင် က မြန်မာနိုင်ငံအတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရ အာမခံကုမ္ပဏီများထံမှ အာမခံဝယ်ယူထားသော ပြည်သူများ၏ ရပိုင်ခွင့်များကို အကာအကွယ် ပေးနိုင်ရန်အတွက် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသည့် အာမခံကုမ္ပဏီများသည် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် နည်းဥပဒေများ၊ နည်းဥပဒေ ၇ (က) နှင့် ၇ (ခ) တို့တွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ ၎င်းတို့ထည့်ဝင်သည့် မတည်ရင်းနှီးငွေ၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းဖွင့်လှစ်ထည့်သွင်းထားရှိရမည်ဖြစ်ပြီး ၎င်းမတည်ရင်းနှီးငွေ၏ ၃၀ ရာခိုင်နှုန်းကို အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့အမည်နှင့်ပူးတွဲ၍ အစိုးရငွေတိုက်စာချုပ်များ ဝယ်ယူထားရှိရပါကြောင်း။

အာမခံထားသူ ပြည်သူများမှ ၎င်းတို့ဝယ်ယူသည့်အာမခံပေါ်လစီများအတွက် ပေးသွင်းထားသော ပရီမီယံအလိုက် အာမခံပေါ်လစီပါ ရပိုင်ခွင့်နှင့် အကျိုးခံစားခွင့်များ မဆုံးရှုံးစေရန် အာမခံကုမ္ပဏီများအနေဖြင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ၂၀၂၄ ခုနှစ်ဒီဇင်ဘာလ ၂၇ ရက်တွင် ထုတ်ပြန်သည့် "အာမခံစာရင်းဆိုင်ရာ ညွှန်ကြားချက်" တွင် ပါဝင်သည့်ပေါ်လစီများ၏အနာဂတ်တွင် ပေးချေရန်တာဝန်ရှိမှုအတွက် အာမခံ တွက်ချက်မှုဆိုင်ရာ လျာထားချက်များ (Technical Provision) ကိုပေးရန်တာဝန်ရှိမှုအပိုင်းတွင်သီးသန့်လျာထားရမည်" ဟု ဖော်ပြချက်နှင့်အညီ အာမခံကုမ္ပဏီများမှ ပေးလျော်ရန်ရှိမှုအဖြစ် စာရင်းထည့်သွင်း လျာထားရပါကြောင်း။

အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ အခန်း(၄) "ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ" ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ) တွင် "လိုအပ်ပါက အသက်အာမခံ ပေါ်လစီရှင်များအားကာကွယ်ရန် ရန်ပုံငွေကို ထူထောင်ထားရှိစေခြင်းနှင့် အခြားသင့်လျော်သော နည်းများဖြင့်အရေးယူဆောင်ရွက်ခြင်း" ဟု ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း။

အဆိုရှင်၏အဆိုတွင် ပါဝင်သည့် "အာမခံ ကာကွယ်ရေးရန်ပုံငွေ တည်ထောင်ခြင်းနှင့် လွှဲပြောင်းကာကွယ်ရေးစနစ် ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းရန်ကိစ္စနှင့် ပတ်သက်၍ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေနှင့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားရှိပြီးဖြစ်သော်လည်း လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိသည့် အချက်များကို နည်းဥပဒေတွင် ထပ်မံပြင်ဆင်ဖြည့်စွက်နိုင်ရေး အတွက်လည်းကောင်း၊ လိုအပ်သည့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးအတွက်လည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် အာမခံထားရှိသူ ပေါ်လစီရှင်များ နစ်နာမှုမရှိစေရေးအတွက် အာမခံကာကွယ်ရေးရန်ပုံငွေ ထူထောင်ထားရှိရန် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ) ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ခြင်းနှင့် ပေါ်လစီများ လွှဲပြောင်းပေးနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဗြိတိန်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့၏ အာမခံရန်ပုံငွေများ (Industry Funded) သဘောသဘာဝ၊ ရန်ပုံငွေထည့်ဝင်မှုပုံစံ၊ အခြေခံသဘောတရားများ (Principles) ကို လေ့လာဆန်းစစ်ခြင်း ပြုလုပ်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါ လေ့လာဆန်းစစ်ခြင်း ပြုလုပ်ပြီးပါက အာမခံထားသူ ပြည်သူများ၏ ရပိုင်ခွင့်များ မဆုံးရှုံးစေရန် အသက်အာမခံ ပေါ်လစီရှင်များအား ကာကွယ်ရန် ရန်ပုံငွေ (Fund for the Protection of Life Assurance Policy–holders) ကို အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တည်ထောင်သွားနိုင်ရန် "မြန်မာနိုင်ငံအာမခံအသင်း" နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားအား မေးမြန်းရာ အဆိုရှင်က အဆိုအား အတည်ပြုပေးပါရန်ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အဆိုအား အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကို အောက်တိုဘာလ ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄ ̊C | / | ၃၆ ̊C |
| ရန်ကုန် | ၂၄ ̊C | / | ၃၂ ̊C |
| မန္တလေး | ၂၇ ̊C | / | ၃၇ ̊C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**၂၈-၉-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး** (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၇,၁၃၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အမှန်တကယ်အကျိုးပြုမည့်လုပ်ငန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်သွားရန် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် မှာကြား

**နေပြည်တော် စက်တင်ဘာ ၂၈**

ဘဏ္ဍာရေးနှစ်အလိုက်လျာထားလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းပြီး ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အမှန်တကယ်အကျိုးပြုမည့်လုပ်ငန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်သွားရန် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က ယမန်နေ့မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင်ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဝန်ထမ်းအိမ်ရာကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များကို အားပေးစကား ပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။





ထို့အတူ မြစ်ကြီးနားမြို့ရှိ အမှတ်(၂)နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများကို ဘက်စုံထူးချွန်သူများ၊ ဗလငါးတန်နှင့် ပြည့်စုံပြီး နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေး၊ စာပေပညာရပ်များအပြင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ပြီး ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ်နှင့် ဆင်ခြင်တုံတရားမြင့်မားလာစေရေးတို့ကို အလေးထား လေ့ကျင့် သင်ကြားပေးကြရန် မှာကြားကာ ချီးမြှင့်ငွေများပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အတူ ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ တိုင်းရင်းသားအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ အမှတ် (၁) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဝန်ထမ်းများ၊ ကျောင်းသူများနှင့် သွားရောက်တွေ့ဆုံပြီး ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်၊ စာကြည့်တိုက်၊ စတိုဆောင်တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ဆောင်ရွက်ထုတ်ပေး

**နေပြည်တော် စက်တင်ဘာ ၂၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် ကျောင်းသား၊ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် UID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများက မြို့နယ်ပညာရေးမှူးရုံးများနှင့် ညှိနှိုင်းကာ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများသို့ ကွင်းဆင်း၍ လမင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် တောင်ကြီးမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရှမ်းပြည်နယ် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် ကျောင်းသား၊ ကျောင်းသူများအား လမင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ယင်းသို့ဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ မိဘ၊ ဆရာအသင်းဝင်များနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး လမင်းစီမံချက်ဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်တို့ကို ကာယကံရှင် ကျောင်းသား၊ကျောင်းသူတစ်ဦးချင်း ထံပေးအပ်ပြီး မြို့နယ်ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို မြို့နယ်ဦးစီးမှူးထံ ထောက်ပံ့ပေးအပ်ကာ ကျောင်းသား၊ ကျောင်းသူများအား အာဟာရမုန့်များ ဝေငှပေးအပ်သည်။

ထို့မှတစ်ဆင့် ရှမ်းပြည်နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ အဆိုပါရုံးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများအားတွေ့ဆုံ၍ နိုင်ငံသားအရည်အချင်းနှင့်ပြည့်မီသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်၍ မှန်ကန်မြန်ဆန်စွာ ထုတ်ပေးရေး၊ဥပဒေအရအကျုံးမဝင်သူများကို မှားယွင်းထုတ်ပေးမှုမရှိရေး နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်ကြသူများအတွက် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြား ပြန်လည်ထုတ်ပေးခြင်းကိုလည်း ငါးဦးကော်မတီဖြင့် စိစစ်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ စိစစ်ဆောင်ရွက်ပေးရေး၊ ရုံးစာရွက်စာတမ်းမှတ်တမ်းမှတ်ရာများ စနစ်တကျ မှတ်တမ်းတင်ရေးသွင်းထိန်းသိမ်းထားရှိရေး ရှင်းလင်းပြောကြားကာ ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာတင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ယာဉ်တိုက်ခိုက်မှုပေါင်း ၆၃ မှု ဖြစ်ပွားခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ၅၃ မှုဖြစ်ပွားခဲ့

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ယာဉ်တိုက်ခိုက်မှုအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ယာဉ်တိုက်ခိုက်မှုပေါင်း ၆၃ မှုဖြစ်ပွားခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ၅၃ မှုဖြစ်ပွားခဲ့သည့်အတွက် ၁၀ မှု လျော့နည်းလာသည်ကို တွေ့ရှိရကြောင်း၊ ထို့ပြင် ဒဏ်ရာရမှုအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ၈၃ မှု၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ၇၇ မှုဖြစ်ပွားခဲ့သည့်အတွက် ခြောက်မှု လျော့နည်းလာသည်ကို တွေ့ရှိရကြောင်း၊ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် နေပြည်တော် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

ထို့အတူ သေဆုံးမှုအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ၆၀ ဦးသေဆုံးခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှဩဂုတ်လအထိ ၆၇ ဦးသေဆုံးခဲ့သည့်အတွက် ခုနစ်ဦး ပိုမိုလာသည်ကိုတွေ့ရှိရကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၂၀၂၅ ခုနှစ်ထက် ၂၀၂၆ ခုနှစ် ယာဉ်တိုက်ခိုက်မှုတွင် ၁၈ ဒသမ ၈၇ ရာခိုင်နှုန်းနှင့် ဒဏ်ရာရမှုသည် ၇ ဒသမ ၇၉ ရာခိုင်နှုန်းလျော့နည်းကျဆင်းလာခဲ့ပြီး သေဆုံးမှုမှာ ၁၁ ဒသမ ၆၇ ရာခိုင်နှုန်းပိုမိုလာသည်ကိုတွေ့ရှိရကြောင်း၊ ၂၀၂၆ ခုနှစ်စက်တင်ဘာလအတွင်း ယာဉ်တိုက်ခိုက်မှု လေးမှု၊ ဒဏ်ရာရမှု ခြောက်မှု၊ သေဆုံးသူ သုံးဦးရှိကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အမှာစကားပြောကြားပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြမှုအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**



# ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပမှုကို လာရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၈**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မိုးအောင်(ခ)နေရှိုင်း(ရန်ကင်းမဲဆန္ဒနယ်)၏ မိတ်ဆွေများဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်မှ ဓမ္မစကြာဝတ်အဖွဲ့ ၂၂၈ ဦးနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်၊ နေပြည်တော် မသန်စွမ်းသူများအသင်းမှဥက္ကဋ္ဌ ဒေါ်ခင်သီတာထွန်း ဦးဆောင်သည့်အဖွဲ့ ၄၀ စုစုပေါင်း ၂၆၈ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်းသိရသည်။ **မြဝတီ**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အယ်လ်နီညိုကာလ၏ပူပြင်းမှုကို ကြိုတင်ပြင်ဆင်မှုဖြင့် ဖြတ်ကျော်နိုင်ရေး . .

အေးမြင့်ဆွေ(ဆည်/ရေ)

ညို့မှိုင်းမှိုင်းမိုးရာသီ၏အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအတွင်းမှ တဖြည်းဖြည်း ဆုတ်ခွာသွားပြီဖြစ်သည်။ ရောက်ရှိလာတော့မည့် ဆောင်းရာသီနှင့် နွေရာသီတို့တွင် ပိုမိုပူပြင်းခြောက်သွေ့စေရန် အယ်လ်နီညိုဟူသော စိုးထိတ်ဖွယ်ရာသီဥတုဖြစ်စဉ်တစ်ခုက စီမံဖန်တီးလျက်ရှိနေသည်။ ထိုအယ်လ်နီညို၏ အားကောင်းပြင်းထန်သော အစွန်းရောက် ပူပြင်းခြောက်သွေ့မှုဖြစ်စဉ်များကို ကြိုတင်ပြင်ဆင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သာ အောင်မြင်စွာ ကျော်ဖြတ်နိုင်မည်ဖြစ်သည်။

**အယ်လ်နီညိုဆိုသည်မှာ…**

အယ်လ်နီညိုဆိုသည်မှာ ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းနှင့် အရှေ့ပိုင်းများတွင် ပင်လယ်ရေအပူချိန်မြင့်တက်လာမှုကြောင့် ရေစီးကြောင်းများ၊ လေတိုက်ခတ်မှုများ ပြောင်းလဲဖောက်ပြန်သည့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်တစ်ခုဖြစ်သည်။ အချို့ဒေသများတွင် လျှပ်တစ်ပြက် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မုန်တိုင်းများဖြစ်ပေါ်၍ အချို့ဒေသများတွင် မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်းများဖြစ်ပေါ်စေသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ၂၀၂၆ ခုနှစ်၏ အယ်လ်နီညိုဖြစ်စဉ်သည် နှစ်ပေါင်း ၇၀ အတွင်း အပြင်းထန်ဆုံး မဟာအယ်လ်နီညို (Super El Nino) ဖြစ်လာနိုင်ပြီး ၂၀၂၇ ခုနှစ် နှစ်ဦးပိုင်း မိုးဦးကာလအထိ အပူချိန်ပြင်းထန်၍ ရေရှားပါးမှုအန္တရာယ်အား ခံစားရနိုင်ကြောင်း ဖော်ပြထားသည်။

**ကိုယ်တတ်နိုင်သောအရာ…**

အယ်လ်နီညိုဖြစ်စဉ်သည် အစပျိုးရာမှ ပိုမိုပြင်းထန်လာကာ တဖြည်းဖြည်းရုပ်လုံးပေါ်လျက် ဆောင်းရာသီနှင့် နွေရာသီတို့တွင် ပိုမိုဆိုးရွားလာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့် ဌာနအဖွဲ့အစည်းများအနေဖြင့်လည်း အယ်လ်နီညိုအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ ဆောင်ရွက်ထားလျက်ရှိသည်။ သို့ရာတွင် အယ်လ်နီညိုဆိုးကျိုးသက်ရောက်မှုသည် အလွန်ကျယ်ပြန့်သည်ဖြစ်သောကြောင့် တစ်ဦးတစ်ယောက်ချင်းစီမှသည် မိသားစုအလယ် ရပ်ရွာလူမှုအဖွဲ့အစည်းအဆုံး ကိုယ်တတ်နိုင်သမျှ ပူးပေါင်းပါဝင် ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့်သာ ကျန်းမာရေး၊ စားဝတ်နေရေး၊ စိုက်ပျိုးရေး စသည့်အရာရာတွင် ထိခိုက်ဆုံးရှုံးမှု သက်သာစေမည်ဖြစ်သည်။



စနစ်တကျ ရေစီမံခန့်ခွဲပါက အယ်လ်နီညိုကို ကျော်လွှားနိုင်ပါသည်!

**အိမ်လေးတွေမှာ ရေချွေတာ…**

အယ်လ်နီညိုအတွက် ပြင်ဆင်ရာတွင် အရေးကြီးသောအချက်မှာ မိသားစုဝင်များအတွက် သောက်သုံးရေဖူလုံရေးဖြစ်သည်။ "မိုးရွာတုန်းရေခံ" ဆိုသကဲ့သို့ နည်းလမ်းအမျိုးမျိုးသုံး၍သောက်သုံးရေအား စနစ်တကျ ကြိုတင်သိုလှောင်ထားသင့်သည်။ ရေသိုလှောင်ရန်အတွက် ရေလှောင်ကန်၊ အုတ်ကန်၊ မြေတူးတာလပတ်ခွေရေကန်၊ ပလတ်စတစ်ပုံးများနှင့် စဉ့်အိုးများ စသည့် အဆင်ပြေရာနည်းလမ်းများကို အသုံးပြုနိုင်သည်။

မိမိအိမ်တွင် ရေသုံးစွဲရာတွင်လည်း ဆန်ဆေးရည်ကဲ့သို့ ရေများအား သစ်ပင်များလောင်းခြင်း၊ ရေဆေးရေလောင်းရာတွင် ရေပိုက်များအစား ရေပုံးရေခွက်များ အသုံးပြုခြင်း၊ မျက်နှာသစ်သွားတိုက်ရာ၊ ရေချိုးရာတွင်လည်း ရေပိုက်ခေါင်းအား အမြဲဖွင့်ထားခြင်းမပြုဘဲ လိုသလောက်သာ အသုံးပြုခြင်း စသည့်အကျိုးရှိသော နည်းလမ်းများဖြင့် ရေသုံးစွဲတတ်လာစေရန် အလေ့အကျင့်ကောင်းများ ပျိုးထောင်ထားသင့်သည်။ ရေချိုးပြီးရေများအား ရေမြောင်းဖောက်၍ ရေအိုင်ငယ်လေးများ ပြုလုပ်ကာ ပြန်လည်အသုံးပြုခြင်းဖြင့် ကျေးငှက်တိရစ္ဆာန်လေးများ ရေချိုးရေကစား၍ အေးမြစေနိုင်သကဲ့သို့ အပင်များစိမ်းလန်းနိုင်သည်။

**ရပ်ရွာရေဖူလုံရေးပါဝင်ကူညီပေး…**

မိုးခေါင်ပူပြင်းမှု၊ ရေရှားပါးမှုတို့သည် လူမှုအသိုက်အဝန်းတစ်ခုလုံးနှင့်ဆိုင်သော ဘုံပြဿနာတစ်ရပ်ဖြစ်သည်။ မိမိအိမ်တွင် ရေဖူလုံ၍အေးမြရန် ဆောင်ရွက်ထားသော်လည်း မိမိပတ်ဝန်းကျင်တွင် ရေရှားပါးမှုဖြစ်နေပါက ထိုဆိုးကျိုးသည် မိမိအား သွယ်ဝိုက်ရိုက်ခတ် လာတတ်သည်သာ ဖြစ်သည်။ ထို့ကြောင့် ရေရှားပါးမှု ကာကွယ်ရေး ရပ်ရွာအကျိုးပြုလုပ်ငန်းများတွင်လည်း တတ်အားသရွေ့ ကူညီဆောင်ရွက်ပေးသင့်ပါသည်။ ရပ်ကွက်အတွင်းရှိသောက်သုံးရေကန်များတွင်အမှိုက်ဆယ်ယူခြင်း၊ ကန်ပေါင်တူးဖော်ခြင်း၊ ရေထွက်ပေါက်များ ပိတ်ခြင်း၊ ကန်ဝင်းခြံခတ်ခြင်း၊ စနစ်တကျ သန့်ရှင်းစွာအသုံးပြုတတ်စေရန် ပညာပေးခြင်း၊ ရေအသုံးပြုစနစ်တွင် စနစ်ကျစေရန်ကူညီခြင်းစသည်ဖြင့် မိမိနှင့်သင့်တော်ရာ အခန်းကဏ္ဍမှ စုပေါင်းကူညီဆောင်ရွက်ပေးနိုင်သည်။

အယ်လ်နီညို ကာလသည် ပူပြင်းလွန်းသည့်ကာလဖြစ်သောကြောင့် ရေတွင်းရေကန်များအား အငွေ့ပြန်ခန်းခြောက်မှုမှ ကာကွယ်နိုင်ရန်အတွက် ကန်ပတ်လည်တွင် အရိပ်ရပင်များ၊ သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်း၊ ရေကန်ငယ်များဖြစ်ပါက အမိုးမိုးခြင်း စသည်တို့ဖြင့်လည်း အငွေ့ပြန်ရေဆုံးရှုံးမှုအား ကာကွယ်နိုင်မည်ဖြစ်သည်။ ထိုကာလတွင် အလွန်ပူပြင်းခြင်းနှင့် တောမီးလောင်ခြင်းတို့ကဲ့သို့သော သဘာဝအန္တရာယ်ဖြစ်စဉ်များ ပိုမိုပြင်းထန်လာနိုင်သဖြင့် လုံလောက်သော ရေအရင်းအမြစ် ရှိရန်နှင့် အပူဒဏ်သက်သာစေမည့် အရိပ်ခိုရာများရှိရန်မှာမဖြစ်မနေပြင်ဆင်ထားသင့်သည့်အရာဖြစ်သည်။

**အေးမြငြိမ်းရာ ကျေးလက်ရေကန်သာ…**

ပူပြင်းခြောက်သွေ့သော အရပ်ဒေသများတွင် အထူးဂရုပြုဆောင်ရွက်သင့်သော ရေဖူလုံရေးအချက်တစ်ချက်မှာ ကျွဲနွားများအပါအဝင် တိရစ္ဆာန်များအတွက် သောက်သုံးရေရရှိကာ ရေကူးရေချိုးနိုင်မည့်ရေကန်လေးများဖြစ်သည်။ ကျွဲနွားကျောင်းရင်း ရေချိုးရေတိုက်ပေးနိုင်သဖြင့် လူနေမြို့ရွာများနှင့်မနီးသော်လည်း စားကျက်ကွင်း၊ စိုက်ခင်း၊ သစ်တောများအတွင်းရှိ လျှိုမြောင်ချောင်းမြောင်းတို့တွင် တူးဖော်ထားနိုင်သည်။

ရေအလွန်ကြည်လင်ရန်မလိုအပ်ဘဲ ကျွဲနွားများ အသုံးပြုနိုင်သည်ဖြစ်ရာ နေရာ၊ ရေအမျိုးအစား ရွေးချယ်ရ ပိုမိုလွယ်ကူသည်။ ထိုသို့တောတောင်စိုက်ခင်းများတွင် ချောင်းပိတ်မြောင်းပိတ်ရေကန်ငယ်လေးများ နေရာအနှံ့ဆောင်ရွက်ထားနိုင်ပါက ကျွဲနွားကဲ့သို့သော တိရစ္ဆာန်များ၊ သဘာဝတောရိုင်းတိရစ္ဆာန်များ၊ ကျေးငှက်များအတွက်သာမက သဘာဝပတ်ဝန်းကျင်စိမ်းလန်းမှုနှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေရရှိရေးအတွက်လည်း လွန်စွာ အကျိုးပြုမည်ဖြစ်သည်။ စေတနာရှင်တစ်ဦးက အညာဒေသတောတောင်များတွင် သောက်ရေကန်ငယ်လေးများ တူးဖော်၍ နွေရာသီရေနည်းချိန်တွင်လည်း ရေကားဖြင့် ရေဖြည့်ပေးသည်ကို သတင်းတစ်ခုတွင် ဖတ်ဖူးရာ အတုယူဖွယ်ဖြစ်သည်။ ရေချမ်းအိုးစင်လေးများထားရှိခြင်း၊ အရိပ်ခိုနေရာလေးများဖန်တီးပေးခြင်း၊ ရေအလှူဒါနပြုလုပ်ခြင်းတို့သည်လည်း အလွန်လှပချစ်စရာကောင်းသော မြန်မာ့ဓလေ့များဖြစ်သည်။




**မြေအောက်ရေ**

မြေပေါ်ရေများအား စိစစ်သုံးစွဲသကဲ့သို့ပင် မြေအောက်ရေကိုလည်း စနစ်တကျသုံးစွဲပေးရန် လိုအပ်သည်။ မလိုအပ်ဘဲ အလွန်အကျွံထုတ်ယူသုံးစွဲခြင်းကြောင့် ရေသယံဇာတဆုံးရှုံးခြင်း၊ မြေအောက်ရေမျက်နှာပြင်နိမ့်ကျခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်လာနိုင်သည်ဖြစ်ရာ အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ မိမိပတ်ဝန်းကျင်ရှိ မြေအောက်ရေ အရင်းအမြစ် အခြေအနေနှင့် ထုတ်ယူသုံးစွဲနိုင်မှုများအားလေ့လာသိရှိထားသင့်သည်။ မြေအောက်ရေစုစည်းနိုင်သောနည်းလမ်းများဖြစ်သည့် မြေအောက်တာမံငယ်များ တည်ဆောက်ခြင်း၊ အေးမြစိမ်းလန်းသော ပတ်ဝန်းကျင်စိုက်ပျိုးဆောင်ရွက်ခြင်းများအား တတ်နိုင်သမျှ ဆောင်ရွက်ထားသင့်သည်။

**စိုက်ခင်းစိမ်းတွေ စိမ်းလန်းဖို့…**

အယ်လ်နီညို ကာလတွင် စိုက်ပျိုးရေးကဏ္ဍမထိခိုက်ရေးသည် စားရေရိက္ခာဖူလုံမှုနှင့်နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးအကြီးဆုံးအချက်တစ်ချက်ဖြစ်သည်။ အပူချိန်မြင့်တက်၍ ရေရှားပါးမှုပြဿနာများရှိလာနိုင်သောကြောင့် စပါးစိုက်ပျိုးရာတွင် ရေလိုအပ်မှုနည်းသည့်စပါးမျိုးများအား ရွေးချယ်သင့်သည်။ ရေစီမံခန့်ခွဲမှုအခြေအနေများအရ အချို့ဒေသများတွင် စပါးအစား အခြားသင့်တော်သည့် ရေနည်းလို သီးနှံများ(ပဲ၊ နှမ်း၊ ဝါစသည်)၊ အစားထိုးသီးနှံများပြောင်းလဲစိုက်ပျိုးနိုင်ပါက ပိုမိုသေချာ စိတ်ချရမည်ဖြစ်သည်။ သီးနှံများစိုက်ပျိုးရာတွင်လည်း ရေရှားပါးလိုအပ်လာနိုင်သည့် အခြေအနေများအား ထည့်သွင်းစဉ်းစားပြင်ဆင်ထားရန် လိုအပ်သည်။

စိုက်ခင်းများအတွက် ရေရယူသုံးစွဲရာတွင်လည်း စည်းကမ်းမဲ့မသုံးစွဲဘဲ လေလွင့်မှုမရှိစေရန် လိုအပ်ချိန်တွင်လိုအပ်သည့်ပမာဏသာ ရေသွင်းခြင်း၊ အစိုတစ်လှည့် အခြောက်တစ်လှည့်ရေသွင်းခြင်း စသည့် ရေချွေတာရေးနည်းစနစ်များအား လေ့လာသုံးစွဲသင့်သည်။ အစက်ချရေသွင်းခြင်း၊ စက်ဖြင့်ရေမှုန်ဖျန်းခြင်း စသည့်ထိရောက်ခေတ်မီသော ရေအသုံးချမှုနည်းစနစ်များအားလည်းစမ်းသပ်ဆောင်ရွက်သင့်သည်။ ရာသီဥတုအခြေအနေအရ ရေသုံးစွဲမှုစီမံခန့်ခွဲရေးနှင့် သီးနှံစိုက်ပျိုးမှုဖြစ်စဉ်များတွင် သက်ဆိုင်ရာအဖွဲ့အစည်း ဌာနများ၏ အကြံဉာဏ်နှင့် ညွှန်ကြားချက်များ၊ ဆောင်ရွက်မှုများအား ပူးပေါင်းလိုက်နာဆောင်ရွက်သင့်သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှလည်း အယ်လ်နီညိုကာလ ပူပြင်းမှုအား ရင်ဆိုင်ကျော်ဖြတ်ရန်အတွက် ဆည်မြောင်းတာတမံများတွင် စနစ်တကျရေသိုလှောင်ခြင်း၊ ရေအသုံးချမှုစီမံခန့်ခွဲရေးအစီအစဉ်များရေးဆွဲခြင်း၊ ချောင်းပိတ်မြောင်းပိတ်၊ မြေအောက်တမံနှင့် ဆိုလာမြစ်ရေတင်စီမံကိန်းကဲ့သို့သော ရေရရှိနိုင်မည့် နည်းလမ်းများစွာအား ကြိုတင်ပြင်ဆင်ခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်။ အခြားသက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများသည်လည်း အယ်လ်နီညိုကာလအတွက် ပြင်ဆင်ဆောင်ရွက်မှုများအား ကိုယ်စီဆောင်ရွက်ထားရှိလျက်ရှိသည်။

အယ်လ်နီညိုသည် ရှောင်လွှဲတားဆီးရန်ခက်ခဲသည့် အစွန်းရောက် ရာသီဥတုဖြစ်စဉ်ဖြစ်သည်။ သို့ရာတွင် လျှောင်လှုပ်ခြင်းကဲ့သို့ ရုတ်တရက်ဖြစ်ပွားခြင်းမဟုတ်ဘဲ ဆိုးကျိုးများအားကြိုတင်သိရှိပြင်ဆင်နိုင်သည့်၊ တုံ့ပြန်ရင်ဆိုင်ရန်အချိန်ရရှိသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ သတိရှိရှိဖြင့် မိမိတတ်နိုင်သရွေ့ ကြိုတင်ပြင်ဆင်ခြင်း၊ ရပ်ရွာအဖွဲ့အစည်းများအား ကူညီခြင်း၊ နိုင်ငံတော်အစိုးရ၏ စီမံညွှန်ကြားချက်များအားလိုက်နာပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အယ်လ်နီညိုကာလ၏ပူပြင်းမှုကို မြန်မာတစ်နိုင်ငံလုံးမှ တည်ငြိမ်အေးချမ်းစွာ ကျော်ဖြတ်သွားနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

# အမျိုးသားအကျိုးစီးပွား၊ ယဉ်ကျေးမှုနှင့်ခရီးသွား

**နှင်းမြတ်သူ(ယဉ်ကျေးမှု)**

**ယမန်နေ့မှအဆက်**

ထို့ပြင် ခရီးသွားလုပ်ငန်းမှတစ်ဆင့် ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်မှုများ ဖြစ်ပေါ်လာနိုင်သည်။ နိုင်ငံတကာခရီးသွားများနှင့် ဒေသခံများအကြား ဆက်ဆံရေးကောင်းမွန်လာခြင်းသည် ယဉ်ကျေးမှုအမျိုးမျိုးကို နားလည်လေးစားမှု တိုးတက်စေပြီး နိုင်ငံတကာ ပြည်သူများအချင်းချင်း ချစ်ကြည်ရေးကိုလည်း အားပေးမြှင့်တင်နိုင်သည်။

ထို့ကြောင့် ယဉ်ကျေးမှုခရီးသွားလုပ်ငန်း (Cultural Tourism) သည် ယနေ့ခေတ်တွင် အရေးပါဆုံးသော ရေရှည်တည်တံ့သည့် ခရီးသွားပုံစံများအနက် တစ်ခုဖြစ်လာသည်။ ရှေးဟောင်းမြို့များ၊ ရှေးဟောင်းအဆောက်အအုံများ၊ ဘာသာရေးအမွေအနှစ်များ၊ ပြတိုက်များ၊ ရိုးရာပွဲတော်များ၊ ရိုးရာအနုပညာများ၊ လက်မှုပညာများနှင့် ဒေသခံယဉ်ကျေးမှုများကို ခရီးသွားလုပ်ငန်းနှင့် ပေါင်းစပ်ဖွံ့ဖြိုးစေခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းနိုင်သကဲ့သို့ စီးပွားရေးအကျိုးအမြတ်များကိုလည်း ရရှိနိုင်သည်။

သို့ရာတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုသည် ယဉ်ကျေးမှုအမွေအနှစ်များ၏ မူလတန်ဖိုးများ မပျက်စီးစေရန်၊ ပတ်ဝန်းကျင် မထိခိုက်စေရန်နှင့် ဒေသခံလူထု၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရန် ရေရှည်တည်တံ့သော ခရီးသွားမူဝါဒများဖြင့် စီမံခန့်ခွဲရန် လိုအပ်သည်။

**ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှု၊ ခရီးသွားကဏ္ဍ**

ထို့ကြောင့် Sustainable Tourism (ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း)ကို အားပေးမြှင့်တင်ရန် အလွန်အရေးကြီးသည်။ ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းသည် စီးပွားရေးအကျိုးကျေးဇူးများကို ရရှိစေခြင်းနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်သည်။ ထို့အတွက် ဒေသခံပြည်သူများ၏ ပါဝင်ပတ်သက်မှု၊ ခရီးသွားများ၏ တာဝန်ယူမှုရှိသော အပြုအမူများနှင့် ရေရှည်စီမံကိန်းများ လိုအပ်သည်။

ယနေ့ခေတ်တွင် ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍတို့သည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) နှင့် နီးကပ်စွာ ဆက်စပ်လျက်ရှိသည်။ တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်း (Responsible Tourism)သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ရေး၊ ဒေသခံလူထု၏ လူနေမှုဘဝမြှင့်တင်ရေးနှင့် လူမှုရေးပါဝင်မှုကို အားပေးသည်။

ထို့ပြင် ဒီဂျစ်တယ်နည်းပညာများ ဖွံ့ဖြိုးလာခြင်းကြောင့် အွန်လိုင်းပြတိုက်များ၊ မြင်မှုဆိုင်ရာအနုပညာပြပွဲများ (Virtual Exhibitions)၊ ဒီဂျစ်တယ် အမွေအနှစ်မှတ်တမ်းတင်ခြင်းနှင့် Smart Tourism စနစ်များကို အသုံးပြု၍ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းများကို ပိုမိုထိရောက်စွာ မြှင့်တင်နိုင်လာသည်။

ထို့ပြင် ပညာပေးလုပ်ငန်းများသည်လည်း အရေးပါသည်။ ခရီးသွားများအား ဒေသခံယဉ်ကျေးမှုများနှင့် စည်းကမ်းများကို နားလည်စေရန် သတင်းအချက်အလက်များပေးအပ်သင့်ပြီး ဒေသခံများအားလည်း ခရီးသွားလုပ်ငန်းကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် လေ့ကျင့်သင်ကြားမှုများ ပေးအပ်သင့်သည်။ သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်လည်း ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ရန် ဥပဒေနှင့် မူဝါဒများကို တိတိကျကျချမှတ်ဆောင်ရွက်ရမည်ဖြစ်သည်။

ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အတူတကွ လက်တွဲလုပ်ဆောင်ရမည့် အရေးပါသော ကဏ္ဍနှစ်ရပ်ဖြစ်သည်။ စနစ်တကျ စီမံခန့်ခွဲနိုင်ပါက စီးပွားရေးအကျိုးကျေးဇူးများရရှိစေသလို ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် တည်တံ့သော ခရီးသွားလုပ်ငန်းကို အားပေးခြင်းဖြင့် ယဉ်ကျေးမှုနှင့် စီးပွားရေး ဖွံ့ဖြိုးမှုတို့ကို ညီညွတ်စွာ တိုးတက်စေနိုင်မည်ဖြစ်ပြီး အနာဂတ်မျိုးဆက်များအတွက်လည်း အကျိုးရှိစေမည်ဖြစ်သည်။

**ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး**

ယဉ်ကျေးမှုနှင့်ခရီးသွားကဏ္ဍများသည်ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ရာတွင်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံသည် အာဆီယံယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသတွင်းခရီးသွားလုပ်ငန်းဆိုင်ရာ အစီအစဉ်များ၊ UNESCO ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အစီအစဉ်များနှင့် နိုင်ငံတကာယဉ်ကျေးမှုဖလှယ်ရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်း ပေါင်းစည်းမှု၊ အပြန်အလှန်နားလည်မှုနှင့် နိုင်ငံတကာမိတ်ဖက်ဆက်ဆံရေးများကို ပိုမိုခိုင်မာစေရန် အထောက်အကူပြုသည်။ ထိုကဲ့သို့သော လုပ်ဆောင်မှုများသည် မြန်မာနိုင်ငံ၏ နိုင်ငံတကာပုံရိပ်ကို မြှင့်တင်ပေးသည့်အပြင် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာအသိုက်အဝန်းတွင် တာဝန်ယူမှုရှိသော အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍကိုလည်း ပိုမိုခိုင်မာစေသည်။

ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများသည် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြတိုက်စီမံခန့်ခွဲမှု၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ဒီဂျစ်တယ်နည်းပညာ ဆန်းသစ်တီထွင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့တွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် အကောင်းဆုံးအလေ့အကျင့်များကို အပြန်အလှန်ဖလှယ်နိုင်စေသည်။ ထိုကဲ့သို့သော ပူးပေါင်းဆောင်ရွက်မှုများသည် ငြိမ်းချမ်းရေး၊ အပြန်အလှန်လေးစားမှု၊ ယဉ်ကျေးမှုအချင်းချင်း ဆွေးနွေးဖလှယ်မှုနှင့် ဒေသတွင်းတည်ငြိမ်မှုတို့ကို အထောက်အကူပြုပေးပြီး ပိုမိုကျယ်ပြန့်သော အမျိုးသားအကျိုးစီးပွားများကို အားဖြည့်ပေးသည်။

ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝသော နိုင်ငံများအနေဖြင့် နိုင်ငံတကာ ယဉ်ကျေးမှုအဖွဲ့အစည်းများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အစီအစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာတွင် မိမိတို့၏ မြင်သာထင်ရှားမှု (International Visibility)ကို မြှင့်တင်နိုင်သည့်အပြင် ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီများ၊ နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာမှုတို့ကိုလည်း ဆွဲဆောင်နိုင်သည်။

**အနာဂတ်အတွက် အကြံပြုချက်များ**

ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းတို့သည် အမျိုးသားအကျိုးစီးပွားကို မြှင့်တင်ပေးနိုင်သည့် အရေးပါသော မဟာဗျူဟာမြောက်ကဏ္ဍများဖြစ်သော်လည်း ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် စိန်ခေါ်မှုများနှင့် အန္တရာယ်များကိုလည်း သေချာစွာ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ အထူးသဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို စီးပွားရေးအကျိုးအမြတ်အတွက်သာ အလွန်အကျွံ အသုံးချခြင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကို စနစ်တကျ စီမံခန့်ခွဲမှုမရှိဘဲ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ဒေသခံလူထုများ၏ ပါဝင်မှုကို လျစ်လျူရှုခြင်းတို့သည် ရေရှည်တွင် ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးနှင့် မူလအနှစ်သာရများကို ထိခိုက်စေနိုင်သည်။

> “ ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍများတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်း၊ မူဝါဒများကို ထိရောက်စွာ ချမှတ်အကောင်အထည်ဖော်ခြင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်းတို့သည် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်မြှင့်တင်ရန်နှင့် အနာဂတ်မျိုးဆက်များအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အာမခံပေးနိုင်မည့် အရေးကြီးသော မဟာဗျူဟာတစ်ရပ်ပင်ဖြစ်. . .”

ဥပမာအားဖြင့် ကမ္ဘာတစ်ဝန်းတွင် ထင်ရှားသော သမိုင်းဝင်အဆောက်အအုံများ၊ ရှေးဟောင်းမြို့များနှင့် ယဉ်ကျေးမှုအမွေအနှစ်နေရာများတွင် ခရီးသွားဧည့်သည်များ အလွန်အကျွံဝင်ရောက်လာခြင်း (Overtourism) ကြောင့် ရုပ်ပိုင်းဆိုင်ရာပျက်စီးယိုယွင်းမှုများဖြစ်ပေါ်လျက်ရှိသည်။ ထို့ပြင် ဒေသခံများ၏ ရိုးရာယဉ်ကျေးမှု၊ အနုပညာနှင့် လူနေမှုပုံစံများကို ခရီးသွားများအတွက်သာ ရည်ရွယ်၍ ပြုပြင်ပြောင်းလဲပြသလာခြင်းကြောင့် ယဉ်ကျေးမှု၏ မူလအဓိပ္ပာယ်၊ တန်ဖိုးနှင့်စစ်မှန်မှု (Authenticity) များ လျော့နည်းသွားနိုင်သည့် အန္တရာယ်လည်းရှိသည်။ ထို့ကြောင့် ယဉ်ကျေးမှုကိုထိန်းသိမ်းခြင်းနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အကြား ဟန်ချက်ညီသော စီမံခန့်ခွဲမှု (Balanced Management) ကို အထူးအလေးထား ဆောင်ရွက်ရန် လိုအပ်သည်။

ထို့ပြင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများလည်း ဖြစ်ပေါ်လာနိုင်သည်။ ခရီးသွားဧည့်သည်များ တိုးပွားလာခြင်းကြောင့် အမှိုက်စွန့်ပစ်မှုများ တိုးမြှင့်လာခြင်း၊ သဘာဝအရင်းအမြစ်များကို အလွန်အကျွံ အသုံးပြုခြင်း၊ သဘာဝဂေဟစနစ်များ ထိခိုက်ပျက်စီးခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေပြီး ဒေသခံလူထု၏ အကျိုးစီးပွားကိုလည်း ထည့်သွင်းစဉ်းစားသည့် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်း (Responsible Tourism) နှင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း (Sustainable Tourism) များကို အားပေးမြှင့်တင်ရန် လိုအပ်ပါကြောင်းကိုလည်း ထပ်လောင်းတင်ပြလိုသည်။

ခရီးသွားလုပ်ငန်းမှရရှိသော အကျိုးအမြတ်များကို ဒေသခံများ၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် ပြန်လည်အသုံးချနိုင်ရန် Community-Based Tourism (CBT) စနစ်များကို အားပေးဖွံ့ဖြိုးရန် လိုအပ်သည်။ ယင်းသည် ဒေသခံများအား ခရီးသွားလုပ်ငန်းတွင် ပါဝင်ခွင့်၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့်ဝင်ငွေရရှိမှုများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ယဉ်ကျေးမှုနှင့်ခရီးသွားကဏ္ဍများကို အနာဂတ်တွင် ပိုမိုခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်စေရန် အောက်ပါအချက်များကို အဓိကထား ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ပထမအချက်အနေဖြင့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ခေတ်မီနည်းပညာများ အသုံးပြု၍ မှတ်တမ်းတင်ခြင်း၊ ဒီဂျစ်တယ်စနစ်ဖြင့် ထိန်းသိမ်းခြင်းနှင့် နိုင်ငံတကာအဆင့်တွင်ပြသနိုင်ရေး ဆောင်ရွက်သင့်သည်။ Digital Archive၊ Virtual Exhibition နှင့် Digital Storytelling စသည့် နည်းလမ်းများသည် ယဉ်ကျေးမှုအမွေအနှစ်များကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းပေးနိုင်သကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်းထံ မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ထိရောက်စွာ မိတ်ဆက်ပေးနိုင်မည်ဖြစ်သည်။

ဒုတိယအချက်အနေဖြင့် ဒေသခံလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community-Based Tourism) ကို တိုးချဲ့ဖွံ့ဖြိုးသင့်သည်။ ယင်းမှတစ်ဆင့် ဒေသခံများ၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် သဘာဝအရင်းအမြစ်များကိုထိန်းသိမ်းရင်း စီးပွားရေးအခွင့်အလမ်းများဖန်တီးပေးနိုင်မည်ဖြစ်သည်။

တတိယအချက်အနေဖြင့် နိုင်ငံတကာအဆင့်မီ ခရီးသွားဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကို အလေးထား ဆောင်ရွက်သင့်သည်။ ခရီးသွားလမ်းညွှန်များ၊ ဝန်ဆောင်မှုပေးသူများနှင့် သက်ဆိုင်ရာဝန်ထမ်းများအတွက် ဘာသာစကား၊ ယဉ်ကျေးမှုဆိုင်ရာ နားလည်တတ်ကျွမ်းမှု၊ ဒီဂျစ်တယ်ကျွမ်းကျင်မှုနှင့် နိုင်ငံတကာဝန်ဆောင်မှုစံနှုန်းများဆိုင်ရာ လေ့ကျင့်သင်ကြားမှုများကို ပိုမိုမြှင့်တင်ရန်လိုအပ်သည်။

စတုတ္ထအချက်အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသော Ecotourism နှင့် Sustainable Tourism များကို မြှင့်တင်သင့်သည်။ သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရင်း ခရီးသွားလုပ်ငန်းမှရရှိသော အကျိုးကျေးဇူးများကို ရေရှည်တည်တံ့စွာရရှိနိုင်ရန်မူဝါဒများ၊ စီမံကိန်းများနှင့် စည်းမျဉ်းစည်းကမ်းများကို ထိရောက်စွာ အကောင်အထည်ဖော်ရန်လိုအပ်သည်။

ပဉ္စမအချက်အနေဖြင့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအင်အား(Cultural Strength)နှင့် ခရီးသွားဆွဲဆောင်မှုများကို နိုင်ငံတကာတွင် ပိုမိုထင်ရှားစေရန် မီဒီယာ၊ ဒီဂျစ်တယ်နည်းပညာနှင့် Cultural Diplomacy ကို ထိရောက်စွာ အသုံးချသင့်သည်။ ယင်းသည် မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော နိုင်ငံတကာပုံရိပ် (Positive International Image)နှင့် Soft Power ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ယနေ့ခေတ်တွင် ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍများသည် လူမှုရေးနှင့် အပန်းဖြေရေးဆိုင်ရာကဏ္ဍများသာမဟုတ်တော့ဘဲ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို မြှင့်တင်ပေးနိုင်သည့် မဟာဗျူဟာမြောက် အင်အားစုများအဖြစ် တိုးတက်လာပြီဖြစ်သည်။ ယင်းကဏ္ဍများသည် နိုင်ငံ၏ အမျိုးသားအမှတ်သညာ (National Identity) ကို ခိုင်မာစေခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားပေးခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ခြင်း၊ နိုင်ငံတကာပုံရိပ်နှင့် Soft Power ကို မြှင့်တင်ခြင်းတို့မှတစ်ဆင့် နိုင်ငံ၏ ရေရှည်အကျိုးစီးပွားကို အထောက်အကူပြုလျက်ရှိသည်။

စာမျက်နှာ ၁၄ သို့ ➡

➡ စာမျက်နှာ ၁၃ မှအဆက်

မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို မြှင့်တင်ရာတွင် ယဉ်ကျေးမှုသည် နိုင်ငံ၏သမိုင်း၊ အမှတ်သညာနှင့် တန်ဖိုးများကို ဖော်ပြပေးသည့် အခြေခံအင်အားတစ်ရပ်ဖြစ်ပြီး ခရီးသွားလုပ်ငန်းသည် ယင်းယဉ်ကျေးမှုအင်အားများကို စီးပွားရေးနှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ အကျိုးကျေးဇူးများအဖြစ် ပြောင်းလဲပေးနိုင်သည့် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်သည်။

ထို့ကြောင့် ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍများကို စနစ်တကျစီမံခန့်ခွဲ၍ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအခြေခံဖြင့် အကောင်အထည်ဖော်နိုင်ပါက မြန်မာနိုင်ငံသည် မိမိ၏ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုထိန်းသိမ်းနိုင်ရုံသာမက နိုင်ငံတကာတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

အနာဂတ်တွင် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် ခရီးသွားလုပ်ငန်းကို တာဝန်ယူမှုရှိစွာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါက အမျိုးသားအကျိုးစီးပွားများကို ပိုမိုထိရောက်စွာ ရရှိနိုင်မည်ဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

ထို့ကြောင့် ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍများတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်း၊ မူဝါဒများကို ထိရောက်စွာ ချမှတ်အကောင်အထည်ဖော်ခြင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်းတို့သည် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်မြှင့်တင်ရန်နှင့် အနာဂတ်မျိုးဆက်များအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အာမခံပေးနိုင်မည့် အရေးကြီးသော မဟာဗျူဟာတစ်ရပ်ပင်ဖြစ်ပါကြောင်းတင်ပြလျက် “အမျိုးသားအကျိုးစီးပွား၊ ယဉ်ကျေးမှုနှင့် ခရီးသွား” ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူအားလုံးက တာဝန်သိစိတ်ဖြင့် လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**ကိုးကားစာရင်း**


- Morgenthau, H. J. (1948). Politics Among Nations: The Struggle for Power and Peace.
- Frankel, J. (1970). National Interest.
- Nuechterlein, D. E. (1976). National Interests and Foreign Policy.
- Waltz, K. N. (1979). Theory of Interna–tional Politics.
- Nye, Joseph S. (2004). Soft Power: The Means to Success in World Politics.
- Charles O. Lerche and Abdul Aziz (1963) Concepts of International Politics.
- နူးညံ့သောစွမ်းအား သို့မဟုတ် ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်း


## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပုံပြင်ပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ဖလမ်း စက်တင်ဘာ ၂၈**

စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုပုံပြင်ပြောနှင့်ကဗျာရွတ်ဆိုပြိုင်ပွဲဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ချင်းပြည်နယ် ဖလမ်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဆုပေးပွဲတွင် နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့ဟူသော ဆောင်ပုဒ်နှင့်အညီ စဉ်းစားတွေးခေါ်မှု၊ ဆန်းသစ်တီထွင်မှုကို အားပေးသော သင်ကြားသင်ယူမှုပုံစံဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များပေါ်များရေး နိုင်ငံတော်မှ မျှော်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ ဖလမ်းမြို့နယ်တွင် ကျောင်း ၁၂၁ ကျောင်းဖွင့်လှစ်ပြီး ဆရာ၊ဆရာမဦးရေ၂၇၇ဦး၊ ပညာသင်ယူနေသည့်ကျောင်းသား၊ ကျောင်းသူဦးရေ ၅၇၆၉ ဦးရှိကြောင်း၊ ပညာသင်ယူရမည့် အရွယ်အားလုံး ပညာသင်ယူနိုင်ရေးအတွက် နိုင်ငံတော်မှ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် ဆုရရှိသည့်ကျောင်းသား၊ ကျောင်းသူများကပြန်လည်တင်ဆက်ဖျော်ဖြေကြပြီး အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်း ထက်ဆင့်နှင့် မူလတန်းအောက်ဆင့် ပုံပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင်ပထမ၊ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် ဖလမ်းမြို့ယာယီပြည်သူ့ဆေးရုံသို့သွားရောက်၍ ဒုတိယဝန်ကြီးက ဆေးရုံအတွက် အလှူငွေပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်က လက်ခံရယူကာ ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူနေသူများကို အာဟာရဘူးများပေးအပ်လှူဒါန်းကြပြီး ဖလမ်းမြို့ အသည်းကွဲတောင်ခြေရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT တာဝါတိုင်နှင့် စက်များထားရှိမှု၊ အသည်းကွဲတောင်ထိပ်ရှိ View Point သာယာလှပရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားကြောင်း သိရသည်။ **မြဝတီ**

## ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြတ်တောက်သွားသော ဘယ်ဘက်လက်ညှိုးအား ပြန်ဆက်သည့် ခွဲစိတ်ကုသမှုအောင်မြင်

**နေပြည်တော် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် နေထိုင်သော အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ဩဂုတ်လ ၁၁ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် အထည်ချုပ်စက်ရုံ၌ အထည်ဖြတ်စက်ဖြင့် ထိခိုက်မှုကြောင့် ဘယ်ဘက်လက်ညှိုးပြတ်တောက်သွားသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနသို့ ည ၇ နာရီ ၁၅ မိနစ်တွင် ရောက်ရှိလာခဲ့ရာ တာဝန်ကျအရိုးအထူးကုဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သောကနဦးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး ဘယ်ဘက်လက်ညှိုးပြန်ဆက်သည့် ခွဲစိတ်ကုသမှု (Replantation Surgery)ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ခွဲစိတ်ခန်း၌ အဆိုပါနေ့ ည ၈ နာရီခွဲတွင် စတင်ခွဲစိတ်မှုပြုလုပ်ခဲ့ရာ ဩဂုတ်လ ၁၂ ရက် နံနက် ၁ နာရီတွင် ခွဲစိတ်ကုသမှု အောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း သိရသည်။



အဆိုပါ ခွဲစိတ်ကုသမှုကို လက်ပိုင်းဆိုင်ရာ ခွဲစိတ်ဆရာဝန်များအဖွဲ့၊ မေ့ဆေးအထူးကုဆရာဝန်များအဖွဲ့၊ ကျွမ်းကျင်သူနာပြုကြီး/သူနာပြုများအဖွဲ့နှင့် ဆက်စပ်ဌာနများမှ အထောက်အကူပြု ခွဲစိတ်ခွဲ၊ ခွဲစိတ်မှန် ကျွမ်းကျင်ဝန်ထမ်းများ အားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါလူနာ၏ ပြန်ဆက်ထားသော ဘယ်ဘက်လက်ညှိုးမှာ မူလအတိုင်း ကောင်းစွာလှုပ်ရှားနိုင်ပြီဖြစ်သဖြင့် ခွဲစိတ်ပြီး ၂၉ ရက်မြောက် စက်တင်ဘာလ ၉ ရက်တွင် ဆေးရုံဆင်းခွင့်ရရှိပြီး လိုအပ်သော လေ့ကျင့်ခန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၂၀၂၂ ခုနှစ်တွင် လက်ဖျံ ပြန်ဆက်ခွဲစိတ်သူတစ်ဦး၊ ၂၀၂၃ ခုနှစ်တွင် လက်မောင်းပြန်ဆက် ခွဲစိတ်သူတစ်ဦးနှင့်လက်မပြန်ဆက်ခွဲစိတ်သူတစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် လက်မပြန်ဆက်ခွဲစိတ်သူတစ်ဦး၊ ၂၀၂၅ ခုနှစ်တွင် လက်ဖဝါးနှင့် လက်မပြန်ဆက်ခွဲစိတ်သူ နှစ်ဦး၊ ၂၀၂၆ ခုနှစ် ယခုအချိန်ထိ လက်ညှိုးပြန်ဆက်ခွဲစိတ်သူတစ်ဦး စုစုပေါင်း ခုနစ်ဦးအား ပြန်ဆက်ခွဲစိတ်ကုသမှု (Replantation Surgery)ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

( က ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

( ဃ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

( ဆ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

( ည ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

( ဏ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

( တ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

▼ **ကျောဖုံးမှအဆက်**

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူများ၏ တိကျသောသတင်းပေးပို့မှုများအရ မြိုင်မြို့နယ်၊ လက်ပံတို-ကျောက်ခွက်ရေနံမြေနယ်မြေ တဲကြီးကျေးရွာအနီး တရားမဝင်ရေနံတူးဖော်လုပ်ကိုင်၍ ဒေသခံပြည်သူများအပေါ် အနိုင်ကျင့်ဗိုလ်ကျစိုးမိုးနေသော PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ နေရာများကို လုံခြုံရေးလုပ်ငန်းများဆောင်ရွက်၍ တရားမဝင်ရေနံတူးဖော်ချက်လုပ်ရာနေရာများကို မီးရှို့ဖျက်ဆီးခြင်းများဆောင်ရွက်ခဲ့သည်။



မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ပံတို-ကျောက်ခွက်နယ်မြေ၊ တဲကြီးကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့မှုကိုတွေ့ရစဉ်။

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ပံတို-ကျောက်ခွက်နယ်မြေ၊ တဲကြီးကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား ဖော်ထုတ်ဖမ်းဆီးရှင်းလင်းနိုင်ခဲ့မှုနေရာပြမြေပုံ














မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ပံတို-ကျောက်ခွက်နယ်မြေ၊ တဲကြီးကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့မှုကိုတွေ့ရစဉ်။















မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ပံတို-ကျောက်ခွက်နယ်မြေ၊ တဲကြီးကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့မှုကိုတွေ့ရစဉ်။

မကွေးတိုင်းဒေသကြီးအတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မြိုင်မြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် တရားမဝင်ရေနံတွင်းတူးဖော်ချက်လုပ်ခြင်းဆောင်ရွက်နေကြောင်းနှင့် ဒေသခံများ၏ လက်ယက်တွင်းများဖြင့် ရေနံတူးဖော်ခြင်းလုပ်ငန်းမှ ဆက်ကြေးကောက်ခံနေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ လိုအပ်သည့် ရှာဖွေစစ်ဆေးမှုများ စတင်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃၁ ရက်တွင် (၁)နေရာ၊ စက်တင်ဘာ ၃ ရက်တွင် (၂) နေရာ၊ စက်တင်ဘာ ၄ ရက်တွင် **စာမျက်နှာ ၁၆ သို့** ▼

➡ **ရှေ့ဖုံးမှအဆက်**

KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ဒေသတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှုများပြတ်တောက်စေရန် ရည်ရွယ်၍ ကမမောင်း-ဖာပွန်သွားကားလမ်းမကြီးအား ယာယီစိုးမိုးထားသဖြင့် တပ်မတော်စစ်ကြောင်းများက အဆိုပါလမ်းကြောင်းတစ်လျှောက် အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝများကို ပြန်လည်ဖော်ဆောင်ပေးနိုင်ရန်အတွက် ကမမောင်းမြို့တွင် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး ၂၀၂၆ ခုနှစ်၊ မေလ ၅ ရက်မှစ၍ စစ်ကြောင်းများခွဲကာ လမ်းကြောင်းဖွင့်လှစ်နိုင်ရေး လုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြရာ မေလ ၈ ရက်နေ့တွင် ကျောက်ကွင်းလေးကျေးရွာအားလည်းကောင်း၊ မေလ ၁၀ ရက်နေ့တွင် ဝက်သိုးခိုကျေးရွာနှင့် မီဇိုင်းချောင်းဖျားကျေးရွာတို့အားလည်းကောင်း၊ မေလ ၁၆ ရက်နေ့တွင် နေကကျေးရွာအားလည်းကောင်း၊ မေလ ၁၈ ရက်နေ့တွင် ရေပူကျေးရွာအားလည်းကောင်း၊ မေလ ၂၄ ရက်နေ့တွင် မိုင် (၄၀) ကျေးရွာအားလည်းကောင်း၊ မေလ ၃၁ ရက်နေ့တွင် နိုခဲဒိုကျေးရွာနှင့် ဘောကျိုထကျေးရွာတို့အားလည်းကောင်း၊ ဇွန်လ ၃ ရက်နေ့တွင် ကတိုင်ထိကျေးရွာအားလည်းကောင်း၊ ဇွန်လ ၂၃ ရက်နေ့တွင်ဘောကြို့လယ်ကျေးရွာအားလည်းကောင်း၊ ဇွန်လ ၂၄ ရက်နေ့တွင် ရှမ်းရွာကျေးရွာအားလည်းကောင်း၊ ဇွန်လ ၂၇ ရက်နေ့တွင် တောင်သူစုကျေးရွာအားလည်းကောင်း၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ဖာလုံလေးကျေးရွာအားလည်းကောင်း၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကမမောင်း-ဖာပွန်လမ်းကြောင်းပေါ်ရှိ မိုင်တိုင်အမှတ်၊ ၂၈/၅ မိုင်၏ အရှေ့ဘက်မီတာ ၁၈၀၀ ခန့်အကွာ ဖာလုံကြီးကျေးရွာအားလည်းကောင်း အဆင့်ဆင့်ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး နယ်မြေလုံခြုံရေးလုပ်ငန်း



တပ်မတော်စစ်ကြောင်းများ ကမမောင်း-ဖာပွန်လမ်းကြောင်းပေါ်ရှိ ဆင်စွယ်ကျေးရွာအား ထပ်မံထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့မှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှသိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများကိုတွေ့ရစဉ်။







အကြမ်းဖက်သောင်းကျန်းသူများက ကမမောင်း-ဖာပွန် လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများအား ဘန်ကာများ၊ ပစ်ကျင်းများ၊ ခံစစ်ကျင်းများတူး၍ စစ်စခန်းအဖြစ်အသုံးပြုထားမှုကို တွေ့ရစဉ်။

▼ **စာမျက်နှာ ၁၅ မှ**

(၁) နေရာ၊ စက်တင်ဘာ ၅ ရက်တွင် (၂) နေရာ၊ စက်တင်ဘာ ၆ ရက်တွင် (၃) နေရာ၊ စက်တင်ဘာ ၇ ရက်တွင် (၃) နေရာ၊ စက်တင်ဘာ ၈ ရက်တွင် (၃) နေရာ၊ စက်တင်ဘာ ၉ ရက်တွင် (၅) နေရာ၊ စက်တင်ဘာ ၁၀ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၁၁ ရက်တွင် (၅) နေရာ၊ စက်တင်ဘာ ၁၂ ရက်တွင် (၅) နေရာ၊ စက်တင်ဘာ ၁၃ ရက်တွင် (၅) နေရာ၊ စက်တင်ဘာ ၁၄ ရက်တွင် (၇) နေရာ၊ စက်တင်ဘာ ၁၅ ရက်တွင်(၇) နေရာ၊ စက်တင်ဘာ ၁၆ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၁၇ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၁၈ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၁၉ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၂၀ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၂၁ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၂၂ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၂၃ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၂၄ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၂၅ ရက်တွင် (၆) နေရာ၊ စက်တင်ဘာ ၂၆ ရက်တွင် (၈) နေရာနှင့် စက်တင်ဘာ ၂၇ ရက်တွင် (၈) နေရာ စုစုပေါင်း တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းနေရာပေါင်း ၁၃၁ နေရာတို့အား ဖော်ထုတ်တွေ့ရှိပြီး ရေနံချက်လုပ်ရာတွင် အသုံးပြုခဲ့သည့် လုပ်ငန်းသုံးပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများခိုအောင်းခဲ့သည့်ယာယီတဲအဆောက်အအုံ ၂၄၆ လုံးတို့ကို သိမ်းဆည်းနိုင်ခဲ့ကြောင်းသိရှိရသည်။

အဆိုပါသိမ်းဆည်းရမိတရားမဝင်ရေနံတူးဖော်ခြင်းများလုပ်ဆောင်နေသည့် ရေနံတွင်းနေရာများနှင့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျမီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းဒေသတစ်ဝိုက်တွင်လည်း တရားမဝင်ရေနံတူးဖော်ခြင်းများ ဆောင်ရွက်မှုမရှိစေရေး လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ပံတို-ကျောက်ခွက်နယ်မြေ၊ တဲကြီးကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့မှုကိုတွေ့ရစဉ်။






အကြမ်းဖက်သောင်းကျန်းသူများက ကမမောင်း-ဖာပွန်လမ်းကြောင်းပေါ်ရှိ လမ်း/တံတားများအား ဖောက်ခွဲဖျက်ဆီးထားမှုကိုတွေ့ရစဉ်။

ဗိုလ်ကျစိုးမိုးပြီး အတင်းအဓမ္မယူဆောင်အသုံးပြုခြင်း၊ အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ ၎င်းတို့၏လုပ်ရပ်များကို မထောက်ခံသည့်ဒေသခံများကို အကြောင်းမဲ့ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းတို့ကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်ခဲ့ကြသည့်အပြင် ကမမောင်း-ဖာပွန်လမ်းကြောင်းတစ်လျှောက်ဖြတ်သန်းသွားလာလျက်ရှိသည့် ကုန်တင်ယာဉ်များနှင့် ခရီးသွားယာဉ်များအား ဆက်ကြေးများကောက်ခံခြင်း၊ ကုန်ပစ္စည်းများအား လုယက်ယူဆောင်ခြင်း၊ လမ်း/တံတားများမိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို ယုတ်မာရိုင်းစိုင်းစွာလုပ်ဆောင်ခဲ့မှုကြောင့် ခရီးသွားလာမှုကန့်သတ်ချက်များ ဖြစ်ပေါ်ခဲ့ရပြီး ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝများ များစွာထိခိုက်ပျက်စီးခဲ့ရသဖြင့် ဒေသခံပြည်သူများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် အနေဖြင့် အဆိုပါဒေသရှိဒေသခံတိုင်းရင်းသားပြည်သူများ၏လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကမမောင်း-ဖာပွန် လမ်းကြောင်းတစ်လျှောက်ရှိ ကျန်ရှိသည့်လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်နိုင်ရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လမ်းတစ်လျှောက် အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်း/တံတားများအား ပြန်လည်ပြုပြင်ခြင်း၊ မြေမြှုပ်မိုင်းအန္တရာယ်မှ အများပြည်သူများအန္တရာယ်ကင်းရှင်းစေရေးအတွက်မိုင်းရှင်းလင်းပေးခြင်း၊ စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများနှင့် လူနေအိမ်များအား ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်များကို ဆက်လက်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလ ၂၇ ရက် ညနေပိုင်းတွင် ဆင်စွယ်ကျေးရွာအား ထပ်မံသိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။




အကြမ်းဖက်သောင်းကျန်းသူများက ကမမောင်း-ဖာပွန်လမ်းကြောင်းပေါ်ရှိ ဖာလုံလေးကျေးရွာအနီး တံတားအား ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါကျေးရွာနှင့် လမ်းကြောင်းတစ်လျှောက်အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေး အသက်ကိုပဓာနမထားဘဲ ရှပ်ရှပ်ချုံချုံကြိုးပမ်းဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲ ၆၅ ကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ ယာယီခြေကုပ်စခန်း ၁၁ ခု၊ ရန်သူ့အလောင်း ၁၃ လောင်း၊ လက်နက်မျိုးစုံ ၁၅ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ FPV Drone ၂၄ စင်း၊ မိုင်းများ၊ လမ်းလျှောက်စကားပြောစက်များ၊ အသုံးအဆောင်ပစ္စည်းများကို သိမ်းပိုက်ရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော်နှင့်တပ်မတော်အတွက် မြင့်မြတ်စွာအသက်ပေးလှူခဲ့ကြရသည်။




အကြမ်းဖက်သောင်းကျန်းသူများက ကမမောင်း-ဖာပွန် လမ်းကြောင်းပေါ်ရှိ ဆင်စွယ်ကျေးရွာအနီး တံတားအား ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အဆိုပါကျေးရွာများနှင့် လမ်းကြောင်း တစ်လျှောက်အား ထိန်းချုပ်စိုးမိုးထားစဉ်အတွင်း စစ်ရေးပစ်မှတ်မဟုတ်သည့်ကျေးရွာအတွင်းရှိ လူနေအိမ်များ၌ဘန်ကာများပြုလုပ်၍ ခံစစ်စခန်းများပြုလုပ်ခြင်း၊ ဒေသခံပြည်သူများ၏စားရေရိက္ခာနှင့်အသုံးအဆောင်ပစ္စည်းများ၊ စည်းစိမ်ဥစ္စာများနှင့် တန်ဖိုးကြီးပစ္စည်းများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရှိရသည်။

တပ်မတော် စစ်ကြောင်းများ ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေဘေးကြုံတွေ့ရသည့်အိမ်ထောင်စု ၃၃၉၇ စုနှင့် လူဦးရေ ၁၈၇၁၂ ဦးရှိပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**ထားဝယ် စက်တင်ဘာ ၂၈**

ထားဝယ်မြို့၌စက်တင်ဘာလ ၂၆ ရက် နံနက်ပိုင်းမှစတင်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နှစ် ၈၀ အတွင်း စံချိန်တင်ရေလျှံမှုဖြစ်ခဲ့ရာ ဆေးရုံလမ်းရှိ အိမ်ထောင်စု ၂၀၊ လူဦးရေ ၆၇ ဦးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ပြီး ထားဝယ်မြို့အနေဖြင့် အန္တရာယ်ရှိသည့် အနေအထားမဖြစ်ပွားခဲ့ကြောင်း၊ လောင်းလုံးမြို့နယ်တွင် လူထိခိုက်မှုများရှိခဲ့၍ ကူညီဆောင်ရွက်နိုင်ရန်အတွက် စက်ယန္တရားများပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့်ရေဘေးသင့် ပြည်သူများအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ မာမားခေါက်ဆွဲ၊ ငါးသေတ္တာ စသည့်စားသောက်ကုန်ငါးမျိုး ရောက်ရှိပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ရေဘေးကြုံတွေ့ရသည့်အိမ်ထောင်စု ၃၃၉၇ စုနှင့် လူဦးရေ ၁၈၇၁၂ ဦးရှိကြောင်း၊ ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ပြည်သူနှင့်လုပ်ငန်းရှင်များက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလျက်ရှိကြောင်း၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများအနေဖြင့် ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍အကောင်းဆုံးဖြစ်အောင် အချိန်မီကူညီဆောင်ရွက်ပေးရန်လိုအပ်ပြီး ထပ်မံဆုံးရှုံးမှုများမဖြစ်ပွားအောင် ကူညီကယ်ဆယ်သင့်သည်များကို ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ရေကြီးရေလျှံမှုနှင့် မလွတ်ကင်းသည့်ကျောင်းများကိုလည်း ခေတ္တပိတ်ထားရန်လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် အဖွဲ့ဝင်များက တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် အလှူရှင်များ၏ထောက်ပံ့ထားရှိမှုအခြေအနေ၊ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိမှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ရေဘေးသင့်ပြည်သူများကို ဆန်၊ ဆီ၊ ကြက်ဥ၊ မာမားခေါက်ဆွဲ၊ ငါးသေတ္တာ စသည့်စားသောက်ကုန်ငါးမျိုး တစ်ပတ်စာထောက်ပံ့ထားရှိမှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၅ မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၈**

ရောဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)တွင် ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား (၃၀၀)ပေ၊ အနံ (၄၅)ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ကျမှုဖြစ်ပွားခဲ့သည့်နေရာနှင့် အဆိုပါနေရာအနီးတစ်ဝိုက် မြစ်ရေတိုက်စားမှုကြောင့် မြေသားထပ်မံပြိုကျမှုဖြစ်ပေါ်ခဲ့သည့်နေရာများတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှုတားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

အဆိုပါတာကိုယ်ထည်တိုက်စား၍ အိပ်ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့်နေရာများ၌ရေတိုက်စားမှုကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ တာမိုင်အမှတ် ၁၁/၅ နှင့် ၁၁/၆ ကြားတွင် ယာယီပိန်းတာတည်ဆောက်ပြီးစီးသည့်နေရာ၏ Upstream Slope နှင့် Downstream Slope နေရာများ၌ သဲအိတ်စီ၍ တာခြေထောက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်း သဲကြောမှထူးပေါက်၍ ရပ်ကွက် ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်၊ အဆိုပါရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိရပ်ကွက် ၇ ခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဝေန်မြစ်ရေသည် ယနေ့တွင် လေးမျက်နှာမြို့နယ်အတွင်း ၆ ပေ ၄ လက်မခန့်၊ ရေကြည်မြို့နယ်အတွင်း ၇ ပေ ၉ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၈ ပေ ၁၀ လက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း ၄ ပေ ၉ လက်မခန့်နှင့် ကျောင်းကုန်းမြို့နယ်အတွင်း ၆ ပေ ၂ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့်ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းခဲ့သည့် နေရာများအား သန့်ရှင်းရေးဆောင်ရွက်စဉ်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

❖ **ရှေ့ဖုံးမှအဆက်**

သုံးခွမြို့ (Thongwa)၏ အရှေ့မြောက်ဘက် မိုင် ၅၀ ခန့်၊ ပဲခူးမြို့ (Bago)၏ အရှေ့ဘက် ၃၅ မိုင်ခန့်နှင့် ဖြူးမြို့ (Phyu)၏ တောင်–အရှေ့တောင်ဘက် ၈၅ မိုင်ခန့် အကွာကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့အနီးမှ ဖြတ်ကျော်နေပါသဖြင့် အညိုရောင်အဆင့်ဟု သတ်မှတ်သည်။







**အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် ယနေ့ည ၁၀ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု ၁၇ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၇ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့် ဖြစ်သည်။

**နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာလ ၃၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှမိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် မြစ်ဝကျွန်းပေါ်ဒေသနှင့် မုတ္တမကွေ့ ကမ်းရိုးတန်းဒေသများတွင်နေထိုင်ကြသည့် ပြည်သူများအနေဖြင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးသည် အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Abhay Thakur နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိမြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် အိန္ဒိယနိုင်ငံဗဟိုဘဏ်တို့ကြား ရေးဆွဲဆောင်ရွက်နေသော နှစ်နိုင်ငံငွေကြေး လဲလှယ်ရေးသဘောတူညီချက် (မူကြမ်း) (Currency Swap Arrangement Draft)ကိုစွန့်စပ်လျှဉ်း၍ ပြင်ဆင်ချက်မူကြမ်းအရ မြန်မာဘဏ်များက အိန္ဒိယဘဏ်များတွင် အိန္ဒိယရူပီးစာရင်းဖွင့်လှစ်ခြင်းအပြင် အိန္ဒိယဘဏ်များက မြန်မာကျပ်ငွေစာရင်းကို မြန်မာပြည်တွင်းဘဏ်များတွင် ဖွင့်လှစ်ခြင်းကိုပါ ဆောင်ရွက်ရန်ဖြစ်ကြောင်း ၊ Currency Swap Arrangement အရ ပြည်ပအဆက်အသွယ်ဘဏ်များက ပြည်တွင်းဘဏ်များတွင် စာရင်းဖွင့်လှစ်ခြင်း(Vostro Account)နှင့်ပြည်တွင်းဘဏ်များက ပြည်ပအဆက်အသွယ်ဘဏ်များတွင် စာရင်းဖွင့်လှစ်ခြင်း (Nostro Account) တို့ အပြန်အလှန်ဖွင့်လှစ်ခြင်းဖြင့် ကုန်သွယ်မှုကိုပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါသဖြင့် အရေးကြီးပါကြောင်း ပြောကြားသည်။

ဆက်လက်၍မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက Currency Swap Arrangement နှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အချက်အလက်ဆိုင်ရာဖော်ပြချက် (Terms & Conditions) များကို စိစစ်၍ ဆက်လက်ဆောင်ရွက်နေပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုတွင် နှစ်နိုင်ငံငွေကြေးသုံးစွဲရန် ဦးစားပေးဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် Punjab National Bank တွင် ရူပီး Nostro Account ဖွင့်လှစ်၍ အိန္ဒိယနိုင်ငံ၏ Punjab National Bank မှ မိမိတို့ပြည်တွင်းဘဏ်များတွင် မြန်မာကျပ်ငွေစာရင်းဖွင့်လှစ်ရန်ဆောင်ရွက်နေပါကြောင်း၊ အိန္ဒိယရူပီး၊ မြန်မာကျပ်၊ ရုရှားရူဘယ် ငွေကြေးသုံးမျိုးလုံး အသုံးပြုနိုင်ရန်အတွက် ရုရှားနိုင်ငံအခြေစိုက်Sberbank (အိန္ဒိယဘဏ်ခွဲ) နှင့်လည်း ဆောင်ရွက်နေပါကြောင်း ပြောကြားပြီး နှစ်နိုင်ငံငွေကြေးလဲလှယ်ရေးသဘောတူညီချက် (မူကြမ်း)နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြဝတီ

# ညောင်ရွှေမြို့နယ် အင်းလေးကန်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့နှင့် လျှပ်စစ်မီးတိုင်များ ထိခိုက်ပျက်စီး

**ညောင်ရွှေ စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးကန်အတွင်းရှိ ငါးဖယ်ချောင်းကျေးရွာအုပ်စု ပျားပင်(တောင်)ကျေးရွာ၌ ယမန်နေ့ညနေ ၄ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့နှင့် လျှပ်စစ်မီးတိုင်များ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ လူနှင့်တိရစ္ဆာန်များ တစ်စုံတစ်ရာ ထိခိုက်သေဆုံးပျက်စီးမှု မရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၃၁ လုံးခန့် အမိုးအကာများ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး ကျေးရွာအတွင်း သွယ်တန်းထားသည့် 11KV အင်းဟောင်းဖီဒါမှ ဓာတ်အားပေးထားသည့် 11KV သစ်သားစင်တစ်စုံ၊ 11KV Arm တစ်ချောင်း၊ Pin ကြွေသီးသုံးလုံး၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ကွန်ကရစ်တိုင်သုံးတိုင်၊ သစ်သားတိုင်သုံးတိုင်၊ ကြွေသီးခြောက်လုံးထိခိုက်ပျက်စီး၍ လျှပ်စစ်ဓာတ်အားပြတ်တောက်လျက်ရှိပြီး အမြန်ဆုံးပြန်လည်ပြင်ဆင်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်းအယ်ဘဲ



# အကြိမ် (၂၀) မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ "World Rabies Day" အခမ်းအနားကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၈**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ၁၅ မိနစ်လျှင် လူတစ်ဦးနှုန်း ခွေးရူးရောဂါဖြစ်ပွား၍ အသက်ဆုံးရှုံးလျက်ရှိပြီး တစ်နှစ်လျှင် လူဦးရေ ၅၅၀၀၀ မှ ၇၀၀၀၀ ခန့် ခွေးရူးရောဂါဖြင့် သေဆုံးလျက်ရှိကြောင်း၊ ၂၀၃၀ ပြည့်နှစ်၌ ခွေးရူးရောဂါကို ကမ္ဘာမြေပေါ်မှအပြီးတိုင်ဖယ်ရှားရေးရည်မှန်းချက်ရရှိရန် အစိုးရများက ဦးဆောင်၍ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် အကြိမ် (၂၀) မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ "World Rabies Day" အခမ်းအနားမှသိရသည်။

အဆိုပါအခမ်းအနားတွင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြာတက်ရောက်လာကြသည့် ဌာနတာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အခြေခံပညာအထက်တန်းကျောင်းကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများသည် ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ခွေးရူးရောဂါကာကွယ်ဆေးကို ပထမဆုံးရှာဖွေ ဖော်ထုတ်ခဲ့သော သိပ္ပံပညာရှင် လူးဝစ်ပါချာ (Louis Pasteur) ကွယ်လွန်သည့်နေ့ကို ကမ္ဘာ့ခွေးရူးရောဂါကာကွယ် တိုက်ဖျက်ရေးနေ့အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီးကသတ်မှတ်၍ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများကို အခမ်းအနားများ ကျင်းပဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ခွေးရူးရောဂါကြောင့် ပြည်သူများ ဆုံးရှုံးပျက်စီးမှု လျော့ပါးစေရန်နှင့် ရောဂါကာကွယ်မှုလုပ်ငန်းများတွင် ပြည်သူလူထုတစ်ရပ်လုံးတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန်ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ပြည်နယ်အသီးသီး၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ ခွေးရူးရောဂါကာကွယ်ရေးဆိုင်ရာ ပညာပေးဟောပြောပွဲများ၊ ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းလုပ်ငန်းများ တစ်ပြိုင်နက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ဗိုလ်ကြီး" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ဇမော်ကျေးရွာနေ တိုးလှိုင်ဝင်း(ခ)ငတိုးအား ညနေ ၅ နာရီ ၁၀ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ရေတာရှည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## " ပြည်သူ့ကြားက ပြည်သူ့စကား " အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **" ပြည်သူ့ကြားကပြည်သူ့စကား "** အစီအစဉ်မှ **"အောက်တန်းကျ ရက်စက်ယုတ်မာတဲ့ နည်းလမ်းမျိုးစုံနဲ့ နိုင်ငံဖျက်ဆီး ပြည်သူကိုသတ်ဖြတ်နေတဲ့အကြမ်းဖက် PDF များ "** ခေါင်းစဉ်ဖြင့် ၃၀-၉-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၇-၁၀-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတွင်း ပညာတတ်လူငယ် ပေါ်ထွန်းလာမှုကို မလိုလား၍ ပညာရေးဝန်ထမ်းများနှင့် အနာဂတ်ကြယ်ပွင့်ကျောင်းသား၊ ကျောင်းသူများကို အကြောင်းမဲ့ ဖမ်းဆီးချုပ်နှောင်နှိပ်စက်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**MWD Variety Channel**

၂၉-၉-၂၀၂၄(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၃၀ | သိမှတ်ဖွယ်ရာ သုတကမ္ဘာ |
| ၂။ | ၁၂:၂၀ | ဥပဒေမှတ်စု |
| ၃။ | ၁၄:၄၅ | ဖတ်ပါ မှတ်ပါ လေ့လာပါ |
| ၄။ | ၂၁:၁၀ | မှတ်တမ်းအစီအစဉ် (နှလုံးသားတိုင်းကျန်းမာစေချင်) |

## ပေါ်တူဂီအသင်း နော်ဝေအသင်းကို အနိုင်ရရှိ



**ရန်ကုန် စက်တင်ဘာ ၂၈**

UEFA Nations League A Group(4) ဒုတိယမြောက်ပွဲစဉ်တွင် နော်ဝေအသင်းနှင့် ပေါ်တူဂီအသင်းတို့ စက်တင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားကြရာ ပေါ်တူဂီအသင်းက နော်ဝေအသင်းကို ၂ဂိုး၁ဂိုး ဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်တိုက်စစ်ဆင် ကစားခဲ့ကြရာ ပေါ်တူဂီအသင်းအတွက် ပွဲကစားချိန် ၁၇ မိနစ်တွင် ဂျာအိုဖိလစ်က အဖွင့်ဂိုးသွင်းယူပေးခဲ့သည်၊ နော်ဝေအသင်းတိုက်စစ်ကစားသမားများ ရရှိလာသည့် အခွင့်အရေးများကို အသုံးချနိုင်ခြင်း မရှိခဲ့ဘဲ ပထမပိုင်းပွဲပြီးချိန်တွင် ပေါ်တူဂီအသင်းက နော်ဝေအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန်တွင် နော်ဝေအသင်း တိုက်စစ်မြှင့်ကစားခဲ့ပြီး ပွဲကစားချိန် ၅၁ မိနစ်တွင် နော်ဝေအသင်းတိုက်စစ်မှူး ဟာလန်းက ချေပဂိုးသွင်းယူပေးခဲ့သည်။ ပွဲကစားချိန် ၅၄ မိနစ်တွင် နော်ဝေဂိုးသမားဘောလုံးပေးပို့မှု အမှားကတစ်ဆင့် ပေါ်တူဂီတိုက်စစ်မှူး ဂွန်ဆာလိုရာမို့က ပေါ်တူဂီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးရပြီးနောက် နော်ဝေအသင်းတိုက်စစ်မြှင့်ကစားခဲ့သော်လည်း ပေါ်တူဂီအသင်း၏ ကျစ်လျစ်ခိုင်မာသည့် နောက်တန်းကို ကျော်ဖြတ်နိုင်ခြင်းမရှိ၍ ပွဲအပြီးတွင် ပေါ်တူဂီအသင်းက နော်ဝေအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပေါ်တူဂီအသင်းသည် အောက်တိုဘာလ ၂ ရက်တွင် UEFA Nations League A Group(4) တတိယမြောက်ပွဲစဉ်အဖြစ် ဒိန်းမတ်အသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **ZMO**

## ၂၀၂၆ ခုနှစ် အသက် ၂၅ နှစ်အောက် ကလပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး)ဖူဆယ်ပြိုင်ပွဲ ဖွင့်လှစ်

**မြစ်ကြီးနား စက်တင်ဘာ ၂၈**

ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ဖူဆယ်ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက်ကလပ်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး) ဖူဆယ်ပြိုင်ပွဲကို ဒေသတွင်းရှိဖူဆယ်ကလပ်အသင်းပေါင်း ၃၄ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် အဆိုပါဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။



ဖွင့်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့က ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကလပ်အသီးသီးမှ အမျိုးသားအသင်း ၂၆ သင်းနှင့် အမျိုးသမီးအသင်း ရှစ်သင်းတို့မှ နည်းပြ၊ အုပ်ချုပ်သူနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

ထို့နောက် သရုပ်ပြဖျော်ဖြေရေးအဖွဲ့များ၏ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲအတွက် ချီးမြှင့်ထောက်ပံ့ငွေများနှင့် ဖျော်ဖြေရေးအဖွဲ့များအတွက် ချီးမြှင့်ထောက်ပံ့ငွေများကိုလည်းကောင်း၊ ကချင်ပြည်နယ် စက်သုံးဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ပြိုင်ပွဲအတွက် ချီးမြှင့်ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကာ အဖွင့်ပွဲစဉ်အဖြစ် နောင်ရာအသင်းနှင့် အောင်မြင်သူအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ဌာနဆိုင်ရာများ၊ ဘောလုံးအားကစားဝါသနာရှင်များနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ■ ကျောဖုံးမှအဆက်

ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရမြန်မာ့လက်ရွေးစင်ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့သည်ယနေ့နံနက် ၁၁ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

အဆိုပါ အောင်ပွဲရမြန်မာ့လက်ရွေးစင်ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေး၊ စည်ပင်သာယာရေးဝန်ကြီး(မြို့တော်ဝန်) ဦးမျိုးမြင့်အောင်၊ အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား၊ သင်တန်းသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုး မိတ်သင်္ဂဟများက သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၈**

မြန်မာ့ဘောလုံး အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ မျိုးဆက်သစ်အမျိုးသမီးဘောလုံးအားကစားသမားများပေါ်ထွက်လာစေရေးနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးတို့အတွက်ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းနှင့် စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းတို့၌ခွဲ၍ကျင်းပသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သက်ဆိုင်ရာအားကစားကွင်းများ၌ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အကြီးအကဲများနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် မိဘပြည်သူများ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။



ယနေ့ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒုတိယပိုင်းပြီးဆုံးချိန်အထိ တစ်ဖက် ၁ ဂိုးစီသရေရလဒ်ဖြစ်နေ၍ အချိန်ပိုကစားခဲ့ရာ နှစ်သင်းစလုံး အနိုင်ဂိုးရရှိအောင် ထပ်မံသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပယ်နယ်တီ ဂိုးရလဒ်အဆုံးအဖြတ်အရ ဧရာဝတီတိုင်းဒေသကြီးအသင်းက ၆ ဂိုး ၅ ဂိုး ဖြင့်လည်းကောင်း အကြိတ်အနယ်ယှဉ်ပြိုင်အနိုင်ရရှိသည်။

၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်တွင် ပြိုင်ပွဲတစ်ရက်နားမည်ဖြစ်ပြီး စက်တင်ဘာလ ၃၀ ရက် ညနေ ၃ နာရီမှစတင်၍ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)၌ တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏဘောလုံးကွင်း၌ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် အဆိုပါ ဗိုလ်လုပွဲ ပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုပ်သံလိုင်းများဖြစ်သည့် MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

## M League 2026(U-20) အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၇)ကို စက်တင်ဘာလ ၂၉ ရက်တွင်ပြန်လည်စတင်မည်

**ရန်ကုန် စက်တင်ဘာ ၂၈**

M League 2026(U-20) အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၇)ကို စက်တင်ဘာလ ၂၉ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်(၁၇)တွင် စက်တင်ဘာလ ၂၉ ရက်နေ့၌ကျင်းပမည့် စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့သည် YUSC ကွင်း၌လည်းကောင်း၊ မြဝတီအသင်းနှင့် FALCON အသင်းသည် ဗဟန်းကွင်း၌လည်းကောင်း၊ စက်တင်ဘာလ ၃၀ ရက်တွင်ကျင်းပမည့် ချင်းလန်းအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့သည် YUSC ကွင်း၌လည်းကောင်း၊ ရန်ကုန်စီးတီးအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့သည်ဗဟန်းကွင်း၌လည်းကောင်း၊ အောက်တိုဘာလ ၁ ရက်တွင် ကျင်းပမည့် GALAXY အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့သည်ဗဟန်းကွင်း၌လည်းကောင်း၊ အောက်တိုဘာလ ၂ ရက်တွင် ကျင်းပမည့် သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့သည် YUSC ကွင်း၌လည်းကောင်း၊ ရတနာပုံအသင်းနှင့် ISPE အသင်းတို့သည် ဗဟန်းကွင်း၌လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲများအနက် အောက်တိုဘာလ ၂ ရက်တွင်ကျင်းပမည့် သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့၏ပွဲစဉ်နှင့် ရတနာပုံအသင်းနှင့် ISPE အသင်းတို့၏ပွဲစဉ်သည် ပရိသတ်အကြိုက်တွေ့စေမည့်ပွဲကောင်းများဖြစ်လာမည်ဖြစ်သည်။

ပွဲစဉ်(၁၆)အပြီးတွင် ISPE အသင်းက အမှတ်ပေးဇယားထိပ်ဆုံး၌ဦးဆောင်နေပြီး ISPE အသင်းနောက်တွင် ရန်ကုန်ယူနိုက်တက်အသင်း၊ ဒဂုံစတားယူနိုက်တက်အသင်း၊ ရှမ်းယူနိုက်တက်အသင်း၊ ရတနာပုံအသင်းတို့ အဆင့်လိုက်ရပ်တည်နေကြကြောင်း သိရသည်။

**ဝန်းရံခ**

MYAWADY IN ENGLISH DAILY EDITION

# Tatmadaw columns recapture and recontrol Sinswe Village on Kamamaung–Hpapun route, temporarily dominated by KNU, KNLA, and so-called PDF terrorist insurgent joint groups

**NAY PYI TAW September 28**

Tatmadaw columns conducting area security and territorial control operations along the Kamamaung–Hpapun route, which had been temporarily dominated by joint groups of KNU, KNLA, and so-called PDF terrorist insurgents, recaptured and regained control of Sinswe Village along the route today.

To carry out subversive acts in the region and disrupt the flow of goods, joint groups of KNU, KNLA, and so-called PDF terrorist insurgents had temporarily held dominance over the Kamamaung–Hpapun highway. Consequently, Tatmadaw columns made necessary preparations and regroupings in Kamamaung to reopen the route and restore the socio-economic life of the local populace. Advancing in separate columns starting May 5, 2026, operations to clear the route were conducted step by step, successfully regaining control of Kyauk Kwin Lay Village on May 8; Wet Tho Kho Village and Mee Zaing Chaung Phya Village on May 10; Nay Ka Village on May 16; Yay Pu Village on May 18; Mile 40 Village on May 24; No Khe Doe Village and Baw Kyo Hta Village on May 31; Ka Taing Ti Village on June 3; Baw Kyo Lel Village on June 23; Shan Ywa Village on June 24; Taung Thu Su Village on June 27; Hpa Lon Lay Village on July 25; and Hpa Lon Gyi Village, located approximately 1,800 meters east of Milepost 28/5 on the Kamamaung–Hpapun route, on September 7. Following the progressive recapture and control of these locations, security operations continued, leading to the retaking and control of Sinswe Village on the evening of September 27.

SEE PAGE - 23




Tatmadaw columns recapture Sinswe Village along Kamamaung–Hpapun road temporarily occupied by KNU, KNLA and PDF terrorist insurgents.



Tatmadaw columns retake control of Sinswe Village on the Kamamaung–Hpapun road.



Arms, ammunition, mines, and related equipment seized from terrorist insurgents.



Villages along the Kamamaung–Hpapun road used as military encampments by terrorist insurgents, fortified with bunkers, foxholes, and defensive trenches.



Arms, ammunition, mines, and related equipment seized from terrorist insurgents.



Arms, ammunition, mines, and related equipment seized from terrorist insurgents.



Villages along the Kamamaung–Hpapun road used as military encampments by terrorist insurgents, fortified with bunkers, foxholes, and defensive trenches.



Villages along the Kamamaung–Hpapun road used as military encampments by terrorist insurgents, fortified with bunkers, foxholes, and defensive trenches.

# Those providing financial assistance to People's Revolution Supply Family–PRF Website for funding CRPH and NUG terrorist groups arrested

**NAY PYI TAW September 28**

Effective action is being taken in accordance with the law against the instigations and propaganda committed by the CRPH, NUG declared as terrorist groups and their subordinate so-called PDF terrorist groups, aimed at destroying peace, stability, and development of the State, as well as disrupting government administrative machinery. Furthermore, individuals and organizations that encourage, support, and aid these terrorist groups are also being identified and prosecuted.

It has been verified that the NUG, described in the source as a terrorist groups, established the People's Revolution Supply Family (PRF) website (https://form.prfhq.modnug.org) to support its activities described as terrorist acts and ensure its long-term survival, and is collecting funds through payment systems including Wave Pay, illegal NUG Pay, illegal SDB Bank, cryptocurrency, and foreign currency payments.

According to reports submitted by responsible citizens who wish to live peacefully and do not want terrorist groups to establish bases and carry out unlawful acts of terrorism, information on more than 2,700 individuals was identified in connection with financial support provided to the PRF website, including approximately 700 people who provided financial support through Wave Pay, approximately 1,000 through the NUG Pay system described as illegal, and approximately 1,000 through SDB Bank, which was also described as illegal. Efforts were subsequently made to arrest those individuals. Those arrestees were Htet Thu Aung from Mohnyin, Mary Sam Sin from Lashio, Myo Mya Myat Tun Kyi from Shwenyaung, Hlaing Phone from Patheingyi Township, San Yu Aung from PyinOoLwin, Thae Ei Khaing from Pyinmana Township, Thiha from Zabuthiri Township, Zaw Ko Latt from Hlegu Township, Yan Naing Aung from Dagon Myothit (North) Township, Myo Zaw from Dagon Myothit (East) Township, Aung Hein from Dagon Myothit (South) Township, Nyein Win Aung and Kyaw Win Soe from Mingaladon Township, Myathida from Hline Township, Thet Naing Htoo from Kyimyindine Township, Nyunt Yi from Seikkyi-Khanaungto, Kyu Kyu Win from Pathein, Thein Zin Htaik and Kyi Kyi San from Dedaye, Aung Zaw Htwe from Maubin and Aye Aye Thin from Kyaunggon, totalling 21.

Legal action will be taken against those arrested for providing financial support to the NUG's PRF website, which the source describes as illegal (https://form.prfhq.modnug.org). Efforts will continue to identify and arrest the remaining individuals connected with the PRF website. The Wave Pay accounts identified in connection with the case will be closed in accordance with legal procedures, and the funds will be confiscated as State property.

The people is hereby informed that refraining from supporting, assisting, encouraging or providing financial support to terrorists and terrorist organizations, including the CRPH and NUG, constitutes an act of protecting the lives, homes and property of the people. Accordingly, anyone who has information about individuals providing such support may report it confidentially to the relevant security organizations. Those who provide information will also be appropriately rewarded. **100**

People's Revolution Supply Family – PRF Website

(https://form.prfhq.modnug.org)





Kyi Kyi San
Dedaye Township


Aung Zaw Htwe
Maubin


Aye Aye Thin
Kyaunggon


Htet Thu Aung
Moehnyin


Mary Sam Sin
Lashio


Myo Mya Myat Tun Kyi
Shwenyaung


Hlaing Phone
Patheingyi Township


San Yu Aung
PyinOoLwin


Thae Ei Khaing
Pyinmana Township


Thiha, son of U Zaw
Zabuthiri Township


Zaw Ko Latt
Hlegu


Yan Naing Aung
Dagon Myothit (North)
Township


Myo Zaw
Dagon Myothit (East)
Township


Aung Hein
Dagon Myothit (South)
Township


Nyein Win Aung
Mingaladon Township


Kyaw Win Soe
Mingaladon Township


Mya Thida
Hline Township


Thet Naing Htoo
Kyimyindine Township


Nyunt Yi
Seikkyi-Khanaungto Station


Kyu Kyu Win
Pathein


Thein Zin Htaik
Dedaye

▶▶ FROM PAGE - 21

In their dedicated efforts to retake control of the village and the entire corridor, Tatmadaw columns engaged in 65 clashes with the joint terrorist insurgent forces. Security forces seized 11 temporary outposts, 13 enemy bodies, 15 assorted firearms, ammunition and related gear, 24 FPV drones, mines, walkie-talkies, and other equipment. Some security personnel made the ultimate sacrifice for the State and the Tatmadaw.

During their dominance over the villages and the corridor, the terrorist insurgents committed unlawful acts: turning non-military targets such as civilian residences into defensive bunkers; using armed force to bully, extort, and loot rations, daily necessities, and valuables from local residents; destroying civilian infrastructure; and arbitrarily detaining, torturing, and killing locals who did not support their actions. Furthermore, they extorted tolls from cargo and passenger vehicles traversing the Kamamaung–Hpapun route, looted cargo, and destroyed roads and bridges with landmines. These acts caused severe travel restrictions and damaged local livelihoods, drawing strong condemnation from the resident population.

To restore and advance the socio-economic conditions of the local ethnic people, Tatmadaw columns—in cooperation with local residents—will continue to accelerate necessary security operations to swiftly regain full control of the remaining sections of the Kamamaung–Hpapun route. Concurrently, operations are underway to repair roads and bridges destroyed by the insurgents, clear landmines to ensure public safety, and collaborate with locals to quickly rehabilitate schools, hospitals/clinics, religious structures, and residential houses.

100

# Security forces expose and clear illegal hand-drilling oil wells near Yenanchat Village in Pakokku Township that were operating by paying extortion fees to insurgent terrorists

NAY PYI TAW September 28

Security forces are cracking down on illegal extraction of aboveground and underground resources and above-water and underwater resources in cooperation with the relevant departments. Working under the guidance of the State, the security forces view the mission as a national task.

Acting on an information provided by the local people that armed terrorist insurgents were illegal extracting and selling the country's valuable resources just for self-interest, buying arms with the proceeds from the illegal business to commit terrorism, and extorting money, security troops launched search operations in Pakokku Township, Magway Region and exposed hand-drilling of oil in 39 places on 18 September, 35 places on 19 September, 44 places on 20 September, 176 places on 21 September, 184 places on 22 September, 138 places on 23 September, 68 places on 24 September, 25 places on 25 September, 18 places on 26 September, 8 places on 27 September totalling 735 near Yenanchat Village. They also seized tools used in refining oil and destroyed 509 temporary huts where PDF terrorists stayed.



The photo shows the place where illegal hand-drilling oil wells are exposed and cleared near Yenanchat Village in Pakokku Township.

Security forces systematically burned down the seized hand-drilling sites and tools in accord with the procedures. They are going to conduct security operations in the area to prevent further illegal drilling activities.

PDF terrorists were illegal drilling oil and bullying the local people, extorting money from locals, and buying arms and ammunition and reinforcing their strength with proceeds and committing terrorist acts. Hence, the security troops had to launch security operations, acting on the tip off from the locals. They will continue their area security operations with the involvement of duty-conscious persons.

100





Raids on illegal oil wells near Yenanchat Village, Pakokku Township in Magway Region.







Raids on illegal oil wells near Yenanchat Village, Pakokku Township in Magway Region.

# Illegal oil wells in Letpanto-Kyaukkhwet oilfield near Tegyi Village, Myaing Township, raided by security forces

**NAY PYI TAW September 28**

In their own self-interests, terrorist insurgents are illegally exploiting the precious natural resources of the country and conducting a campaign of sabotage by illegally purchasing arms and ammunition and building their forces with the money gained from it. Acting on precise tips by the local residents, Tatmadaw columns took security measures at sites of so-called PDF terrorist insurgents, where they bully local residents by illegally exploiting oil in Letpanto-Kyaukkhwet oilfield near Tegyi Village in Myaing Township and set the sites on fire.

Security forces taking security measures in Magway Region, acting on tips by responsible members of the public that terrorist insurgents were illegally exploiting oil wells in Myaing Township and collecting ransoms from local resident operated manual oil wells, conducted necessary operations in 131 illegal oil well sites including one site on 31 August, two sites on 3 September, one site on 4 September, two sites on 5 September, three sites on 6 September, three sites on 7 September, three sites on 8 September, five sites on 9 September, six sites on 10 September, five sites on 11 September, five sites on 12 September, five sites on 13 September, seven sites on 14 September, seven sites on 15 September, six sites on 16 September, six sites on 17 September, six sites on 18 September, six sites on 19 September, six sites on 20 September, six sites on 21 September, six sites on 22 September, six sites on 23 September, six sites on 24 September, six sites on 25 September, eight sites on 26 September and eight sites on 27 September, leading to the seizures of paraphernalia and 246 temporary tents used by terrorist insurgents.

The sites and paraphernalia are being destroyed by setting them on fire and plans are underway to continue to take necessary security measures to prevent illegal oil exploiting in the area. **100**



Raids on illegal oil wells in Letpanto-Kyaukkhwet oilfield near Tegyi Village in Myaing Township in Magway Region.







Raids on illegal oil wells in Letpanto-Kyaukkhwet oilfield near Tegyi Village in Myaing Township in Magway Region.







Raids on illegal oil wells in Letpanto-Kyaukkhwet oilfield near Tegyi Village in Myaing Township in Magway Region.



Raids on illegal oil wells in Letpanto-Kyaukkhwet oilfield near Tegyi Village in Myaing Township in Magway Region.

# ရေမုန်ညင်းနှင့်ကျန်းမာရေးကောင်းကျိုးများ

ရေမုန်ညင်းသည် စိုစွတ်သောနေရာများတွင် သဘာဝအတိုင်း ပေါက်ရောက်လေ့ရှိသော ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သည်။ ရေမုန်ညင်း၏အရသာမှာ အနည်းငယ်စပ်ပြီး မုန်ညင်းအနံ့သင်းသင်းရှိကာ အာဟာရဓာတ်များစွာ ပါဝင်သောကြောင့် Superfood ဟု ခေါ်ဆိုကြသည်။ မြန်မာနိုင်ငံတွင် ရေကန်စွန်း၊ ရေမုန်ညင်းဟုခေါ်ဆိုကြပြီး ဒေသအလိုက် ရေမုန်ညင်းရွက်ဟုလည်း ခေါ်ဆိုကြသည်။ အရွက်မှာ သေးငယ်သော်လည်း ခန္ဓာကိုယ်အတွက် လိုအပ်သောအာဟာရဓာတ်၊ သတ္တုဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်အာနိသင်များ ကြွယ်ဝစွာပါဝင်သည်။

ရေမုန်ညင်းကို ရေနွေးဖြော၍ ငရုတ်သီးထောင်း၊ ငါးပိရည်တို့ဖြင့် အတို့အမြှုပ်အဖြစ် စားသုံးခြင်း၊ ကြက်သား၊ ဝက်သားတို့ဖြင့် ဟင်းချိုချက်သောက်ခြင်း၊ ကြက်သွန်ဖြူ ဆီချက်တို့ဖြင့်သုပ်စားခြင်း၊ ကြော်စားခြင်းတို့ပြုလုပ်ကြသည်။ ပြည်ပနိုင်ငံများ၌ အစိမ်းအတိုင်း အသုပ်များတွင် ထည့်စားခြင်း၊ ပေါင်မုန့်အစာညှပ်စားခြင်းနှင့် ကြိတ်၍ ဖျော်ရည်အဖြစ်သောက်ခြင်းတို့ ပြုလုပ်ကြသည်။ လတ်ဆတ်သော ရေမုန်ညင်းကို သေချာစွာဆေးကြောပြီး စားသုံးပါက အာဟာရဓာတ်များကို ပိုမိုရရှိနိုင်သည်။

ရေမုန်ညင်းသည် Superfood ဟု တင်စားရလောက်အောင် ကယ်လိုရီနည်းပါးပြီး အာဟာရဓာတ်များစွာပါဝင်ကာ ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာရှိသည်။ ရေမုန်ညင်းတွင် ဗီတာမင်-K မြင့်မားစွာပါဝင်ပြီး ဗီတာမင်-C ဓာတ်မှာ လိမ္မော်သီးထက်ပိုမိုပါဝင်ကာ ဗီတာမင်-A၊ ဗီတာမင် -B6၊ ဗီတာမင်- B12 နှင့် ဗီတာမင် B-Complex များလည်း ပါဝင်သည်။ ကယ်လ်စီယမ်၊ သံဓာတ်၊ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ ဖော့စဖရပ်စ်နှင့် ဇင့် စသည့် သတ္တုဓာတ်များ၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်သည့် Lutein၊ Zeaxanthin၊ Beta carotene၊ Glucosinolates နှင့် အမျှင်ဓာတ်များကြွယ်ဝစွာပါဝင်သည်။

ရေမုန်ညင်းသည် ဆေးဝါးမဟုတ်သော်လည်း ပုံမှန်စားပေးပါက ကျန်းမာရေးအတွက် အလွန်ကောင်းမွန်သည်။ ရေမုန်ညင်းစားခြင်းဖြင့် အောက်ပါကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။

**ကိုယ်ခံအားကိုမြှင့်တင်ပေးနိုင်**

ရေမုန်ညင်းတွင် ဗီတာမင်-C နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်သောကြောင့် ကိုယ်ခံအားကိုကောင်းမွန်စေပြီး ဆဲလ်များကို ဓာတ်တိုးခြင်းဒဏ်မှ ကာကွယ်ပေးနိုင်သည်။ ရေမုန်ညင်းကို ပုံမှန်စားသုံးခြင်းဖြင့် ကိုယ်ခံအားကောင်းမွန်စေပြီး အအေးမိ၊ တုပ်ကွေးရောဂါများကို ကာကွယ်ပေးနိုင်သည်။

**သွေးတိုးနှင့် နှလုံးကျန်းမာရေးကို အထောက်အကူပြုနိုင်**

ရေမုန်ညင်းတွင် နိုက်ထရိတ်နှင့် ဓာတ်တိုးဆန့်ကျင်အာနိသင်ဓာတ်များ ပါဝင်သောကြောင့် သွေးလည်ပတ်မှုကောင်းမွန်စေပြီး သွေးပေါင်ချိန်ကိုထိန်းညှိကာ နှလုံးနှင့်သွေးကြောကျန်းမာရေးကို အထောက်အကူပြုနိုင်သည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝမှုကြောင့် အရောင်ကျစေနိုင်ပြီး ဆဲလ်များပျက်စီးခြင်းကိုလျှော့ချပေးကာ နှလုံးကျန်းမာရေးကို အထောက်အကူပြုခြင်းဖြစ်သည်။ ထို့ပြင် ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်တို့ မြင့်မားစွာပါဝင်သောကြောင့် သွေးကြောများကို ပျော့ပျောင်းစေပြီး သွေးဖိအားကို ထိန်းညှိပေးခြင်းဖြင့် သွေးတိုးရောဂါကို ကျစေကာ နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးသည်။ Carotenoid ပါဝင်သောကြောင့် လေဖြတ်ခြင်းမဖြစ်စေရန် ကာကွယ်ပေးနိုင်ပြီး တခြားနာတာရှည်ရောဂါများမဖြစ်စေရန်လည်း ကာကွယ်ပေးသည်။

**ဆီးချိုရောဂါသက်သာစေနိုင်**

ရေမုန်ညင်းသည် သွေးတွင်းသကြားဓာတ်ကိုထိန်းချုပ်ပေးနိုင်ပြီး သွေးတွင်းဂလူးကို့စ်မြင့်မားခြင်းကို သက်သာစေသည်။ အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်ပြီး ကာဗိုဟိုက်ဒရိတ်စုပ်ယူမှုကို လျှော့ကျစေသဖြင့် ဆီးချိုရောဂါဝေဒနာအတွက် အထူးကောင်းမွန်သည်။

**အမြင်အာရုံကောင်းမွန်စေနိုင်**

ရေမုန်ညင်းတွင် ဗီတာမင်-A၊ Lutein၊ Zeaxanthin နှင့် ဇင့်ဓာတ်များ ပါဝင်သောကြောင့် အမြင်အာရုံကို ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေနိုင်ပြီး



အသက်အရွယ်ကြောင့် မျက်စိကွယ်ခြင်းမှ ကာကွယ်ပေးသည်။ ဗီတာမင်-C ပါဝင်မှုကြောင့် အမြင်အာရုံကောင်းစေပြီး ကျန်းမာစေရန် ထောက်ကူပေးသောကြောင့် မျက်လုံးရေတိမ်မဖြစ်စေရန် ရေမုန်ညင်းကို စားပေးသင့်သည်။

**ဦးနှောက်ကျန်းမာစေနိုင်**

ရေမုန်ညင်းတွင် Isothiocyanates ကြွယ်ဝစွာပါဝင်မှုကြောင့် ဦးနှောက်ကျန်းမာစေရန် ထောက်ကူပေးသည်။

**ကင်ဆာဖြစ်နိုင်ခြေလျှော့ချပေးနိုင်**

ရေမုန်ညင်းတွင် Glucosinolates နှင့် Isothiocyanates ကဲ့သို့ ဇီဝတက်ကြွဓာတ်များပါဝင်မှုကြောင့် ကင်ဆာဆဲလ်များကြီးထွားမှုကိုလျှော့ချနိုင်ပြီး DNA ပျက်စီးမှုကြောင့် ကင်ဆာဖြစ်နိုင်ခြေကိုလျှော့ချပေးကာ အထူးသဖြင့် အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ရင်သားကင်ဆာနှင့် အူမကြီးကင်ဆာတို့ မဖြစ်ပွားစေရန် ကာကွယ်ပေးသည်။

**အစာခြေစနစ် ကောင်းမွန်စေနိုင်**

ရေမုန်ညင်းသည် အာဟာရဓာတ်နှင့် အမျှင်ဓာတ်ကြွယ်ဝသောကြောင့် အစာခြေစနစ်ကိုကောင်းမွန်စေပြီး ဝမ်းမှန်စေသည်။

**ကိုယ်အလေးချိန်ထိန်းညှိပေးနိုင်**

ရေမုန်ညင်းသည် ကယ်လိုရီနည်းပြီး အာဟာရဓာတ်များစွာပါဝင်သဖြင့် ကိုယ်အလေးချိန် လျှော့ချလိုသူများအတွက် သင့်လျော်သည်။

**ခန္ဓာကိုယ်အပူငြိမ်းစေနိုင်**

ရေမုန်ညင်းသည် အေးသည့်အာနိသင်ရှိသောကြောင့် ဆီးပူ၊ ဆီးအောင့်ခြင်းများကို သက်သာစေပြီး ခန္ဓာကိုယ်တွင်းအပူဒဏ်ကိုလျှော့ကျစေသည်။

**ကိုယ်ခံအားစနစ်ကိုကောင်းမွန်စေနိုင်**

ရေမုန်ညင်းတွင် ဗီတာမင်-C ကြွယ်ဝသဖြင့် ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေသည့်အတွက် တုပ်ကွေးနှင့်အအေးမိဖျားနာခြင်းမှ ကာကွယ်ပေးနိုင်သည်။

**အရိုးအဆစ်သန်မာစေနိုင်**

ရေမုန်ညင်းတွင် ဗီတာမင်-K နှင့် ကယ်လ်စီယမ် ကြွယ်ဝစွာပါဝင်မှုကြောင့် အရိုးများကိုသန်မာစေပြီး အရိုးသိပ်သည်းဆကို တိုးစေနိုင်သည်။ ဖောလိတ်ဓာတ်ပါဝင်မှုကြောင့်လည်း အမျိုးသမီးများကို အသက်အရွယ်ကြောင့် ဖြစ်တတ်သည့် အရိုးပါးခြင်း၊ အရိုးပွခြင်းမဖြစ်စေရန် ကာကွယ်ပေးသည်။

**သွေးအားနည်းခြင်းကိုကာကွယ်ပေးနိုင်**

ရေမုန်ညင်းတွင် သံဓာတ်နှင့် ဖောလစ်အက်စစ်ဓာတ်များ ပါဝင်သောကြောင့် အရိုးများကို သန်မာစေပြီး ဗီတာမင်-C ပါဝင်မှုကြောင့်လည်း သံဓာတ်စုပ်ယူမှုကို အားကောင်းစေပြီး သွေးအားနည်းခြင်းကို ကာကွယ်ပေးနိုင်သည်။ ရေမုန်ညင်းတွင် ပါဝင်သော ဗီတာမင်-C က သွေးဖြူဥဆဲလ်များကိုတိုးစေပြီး ရောဂါများကို တိုက်ထုတ်နိုင်သည်။

**ချောင်းဆိုးခြင်းကိုသက်သာစေနိုင်**

ရေမုန်ညင်းတွင် ချောင်းဆိုးခြင်းကို သက်သာပျောက်ကင်းစေသည့် ဂုဏ်သတ္တိအပြည့်အဝပါရှိသောကြောင့် အချိန်ကြာမြင့်စွာ ချောင်းဆိုးနေသူများ စားသုံးပေးသင့်သည်။

ရေမုန်ညင်းတွင် ဗီတာမင်-K များစွာပါဝင်သောကြောင့် Warfarin ကဲ့သို့ သွေးကျဲဆေး သောက်နေသူများသည် ဆရာဝန်နှင့်တိုင်ပင်ပြီးမှ စားသုံးသင့်သည်။ ရေမုန်ညင်းတွင် ပိုတက်ဆီယမ်နှင့် Oxalates ပါဝင်မှုမြင့်မားသောကြောင့် ကျောက်ကပ်ရောဂါအပြင် ကျောက်ကပ်ကျောက်တည်သူများ အလွန်အကျွံမစားသင့်ပေ။ ရေမုန်ညင်းသည် မုန်ညင်းမျိုးရင်းဖြစ်သည့် Goitrogens ပါဝင်သောကြောင့် သိုင်းရွိုက်ဟော်မုန်း အထွက်နည်းသူများ အများအပြားစားသုံးခြင်းကို ရှောင်ကြဉ်သင့်သည်။

အချုပ်အားဖြင့်ဆိုရသော် ရေမုန်ညင်းသည် စိုက်ပျိုးရလွယ်ကူပြီး တန်ဖိုးနည်းသော်လည်း အာဟာရတန်ဖိုး အကျိုးကျေးဇူးများစွာရရှိသည့် ဟင်းရွက်တစ်မျိုးဖြစ်သည့်အတွက် သင့်တင့်မျှတစွာစားသုံးပါက ကျန်းမာရေးကောင်းမွန်စေရန် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ဒေါက်တာလပြည့်ခင်**

# အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး လုပ်ငန်းသုံးပစ္စည်းများပေးအပ်

**စစ်ကိုင်း စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း၏ လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၈ ရက်တွင် စစ်ကိုင်းမြို့ရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းနှင့် စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဦးကျော်ညွှန့်တို့က စက်ချုပ်သင်တန်းတွင် ထူးချွန်သည့်သင်တန်းသူငါးဦးအားလည်းကောင်း၊ စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် စစ်ကိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးတို့က ကြိမ်ထည်သင်တန်းတွင် ထူးချွန်သည့် သင်တန်းသူငါးဦးအား လည်းကောင်း လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ရာ ထူးချွန်သင်တန်းသူများက လက်ခံရယူကြသည်။

ထို့နောက် တက်ရောက်လာကြသူများက လူသုံးကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ရန်ကင်း**

# ကျောင်းကျန်းမာရေးစစ်ဆေးခြင်းဆောင်ရွက်

**မောက်မယ် စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးအလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ကျောင်းကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ ၂၇ ရက်က အခြေခံပညာအထက်တန်းကျောင်း (မောက်မယ်)၌ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းကို မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမင်းသက်နိုင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ကျောင်းမုန့်ဈေးတန်း၌ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် စားသုံးရန်မသင့်သော စားသောက်ကုန်များ ရောင်းချမှုမရှိစေရေး၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းမှုရှိစေရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းတို့ကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **စိုင်းမျိုးသန့်(မောက်မယ်)**

# တရားမအထူးအယူခံမှု(၄)မှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု(၃)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသောဦးသောင်းနိုင်၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်၊ ဒေါ်သင်းသင်းချိုတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး၊ ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂၃/၂၀၂၆(မန္တလေး)၊ ၂၅/၂၀၂၆(မွန်)၊ ၂၆/၂၀၂၆ (ရှမ်း)နှင့် ၃၀/၂၀၂၆ (ရန်ကုန်)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၄)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၇/၂၀၂၆ (ရန်ကုန်)နှင့် တရားမအထူးအယူခံမှုအမှတ် ၂၈/၂၀၂၆ (ရန်ကုန်)၊ ၃၁/၂၀၂၆ (ရန်ကုန်)၊ ၃၂/၂၀၂၆ (မန္တလေး)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၃)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**မြဝတီ**

## တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ်စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော ဆရာကြီးဦးတင်အေး၏ ကချင်အမှတ်တံဆိပ် သွေးတိုးကျလေနှင်ဆေး(ဆေးလုံး+ဆေးမှုန့်/ဆေးဘူး)သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ရရှိခဲ့သော်လည်း တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားမှုမရှိခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်သက်တမ်းကုန်ဆုံးခြင်း၊ လေးပါးရာဇာအမှတ်တံဆိပ် သွေးတိုးပျောက်ဆေးကြီး (ဆေးပြား/ဆေးထုပ်)သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်ရရှိခဲ့သော်လည်း သက်တမ်းတိုးလျှောက်ထားမှုမရှိခြင်း၊ သက်တမ်းကုန်ဆုံးခြင်း၊ ရှင်းအမှတ်တံဆိပ် သွေးတိုးကျဆေး (ဆေးပြား/ ဆေးထုပ်)သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိခြင်းနှင့် ရွှေမင်းသားအမှတ်တံဆိပ် အားတိုးဆေး(ဆေးမှုန့်/ဆေးထုပ်)သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်မရှိခြင်း၊ အခြားဆေး၏ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်– TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်းတို့ကြောင့် ၎င်းတိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိသော တိုင်းရင်းဆေးဝါးများဖြစ်သဖြင့် ဆေးဝါးစစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါး ပုံစံ | ထုပ်ပိုးခွံပေါ်တွင် ဖော်ပြသော အမှတ် | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|---|
| ၁။ | ဆရာကြီး ဦးတင်အေး၏ ကချင် | သွေးတိုးကျ လေနှင်ဆေး | ဆေးလုံး+ ဆေးမှုန့်(ဘူး) | 0203Y4439 | အမှတ် ၄၉၊ ကျန်စစ်လမ်း၊ သုံးခွမြို့။ တိုက် ၁၀၇၊ အခန်း ၇၊ အရှေ့ရန်ကင်း၊ ရန်ကုန်မြို့။ |
| ၂။ | လေးပါး ရာဇာ | သွေးတိုးပျောက် ဆေးကြီး | ဆေးပြား(ထုပ်) | 0401Y1530 | ဒေါ်ခင်ကြည်မိသားစု၊ အမှတ်၅၊ လှိုင်မြစ်လမ်း သွယ်–၁လမ်း၊ အမှတ် ၁ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၃။ | ရှင်း | သွေးတိုးကျဆေး | ဆေးပြား(ထုပ်) | ဖော်ပြထား ခြင်းမရှိပါ | ဖော်ပြထားခြင်းမရှိပါ။ |
| ၄။ | ရွှေမင်းသား | အားတိုးဆေးမှုန့် | ဆေးမှုန့်(ထုပ်) | TMR– 014129 (0527) | အောင်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး စံပယ် ၁၀လမ်း၊ ဌရပ်ကွက်၊ ဓမ္မာရုံ မှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |




**တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးနမူနာများ**

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသောဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ပျောက်ဆုံးကြောင်း**
စန်းစန်းရီ(ဘ)ဦးမောင်စွမ်း ၁၄/ပသန(နိုင်)၁၅၂၀၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၆၄၀၁၀၇၉၉

**ပျောက်ဆုံးကြောင်း**
ရွှေရည်နွယ်(ဘ)ဦးစိုးနွယ် ၉/မခန(နိုင်)၂၁၅၇၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၀၀၄၁၆၂၉၃

**ပျောက်ဆုံးကြောင်း**
ပြည့်ဖြိုးအောင်(ဘ)ဦးစောသားရယ် ၂/လကန(နိုင်)၀၇၅၈၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၂၆၁၅၄၇၇၄၅

**ပျောက်ဆုံးကြောင်း**
မြတ်မိုးတင့်(ဘ)ဦးဘတင့် ၁၂/မဂဒ(နိုင်)၁၀၉၆၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၆၂၆၇၆၅၅၇

**ပျောက်ဆုံးကြောင်း**
ဦးနွယ်စိုး(ဘ)ဦးချစ်မောင် ၇/သနပ(နိုင်)၀၅၀၅၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၄၈၄၄၄၄၁၃

**ပျောက်ဆုံးကြောင်း**
ဝင်းသူမိုး(ဘ)ဦးအောင်မြင့် ၁၂/သလန(နိုင်)၀၁၃၆၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၈၅၁၀၀၁၀၀

**ပျောက်ဆုံးကြောင်း**
နော်မမြင့်ဝင်း(ဘ)ဦးညဖိုး ၃/လဘန(နိုင်)၁၇၉၆၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ရဲထက်အောင်(ဘ)ဦးအေးသောင်း ၁၂/ထတပ(နိုင်)၁၀၉၉၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 267469)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ထွန်းလှယ်ခုမ်(ဘ)ဦးရှန်နယ်ဇူလ် ၅/ကလထ(နိုင်)၁၅၃၂၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
သန်းသန်းဝင်း(ဘ)ဦးမြင့်ဝင်း ၉/ကပတ(နိုင်)၂၄၈၁၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
စိမ်းမိုမို(ဘ)ဦးပို ၉/ကပတ(နိုင်)၂၅၈၈၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မတင်မီ(ဘ)ဦးဆန်းဦး ၉/မထလ(နိုင်)၃၁၂၇၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၂၅၀၅၁၁၇၇၇







မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေနံချပ်ကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား ဖော်ထုတ်ဖမ်းဆီးရှင်းလင်းနိုင်ခဲ့မှုကိုတွေ့ရစဉ်။







မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေနံချပ်ကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား ဖော်ထုတ်ဖမ်းဆီးရှင်းလင်းနိုင်ခဲ့မှုကိုတွေ့ရစဉ်။







မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေနံချပ်ကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား ဖော်ထုတ်ဖမ်းဆီးရှင်းလင်းနိုင်ခဲ့မှုကိုတွေ့ရစဉ်။







မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေနံချပ်ကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား
ဖော်ထုတ်ဖမ်းဆီးရှင်းလင်းနိုင်ခဲ့မှုကိုတွေ့ရစဉ်။



▲ **ကျောဖုံးမှအဆက်**

အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအနေဖြင့်၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံအတွင်းရှိသဘာဝအဖိုးတန် သယံဇာတများကို ခိုးယူတူးဖော်၍ တရားမဝင် ခိုးထုတ်ရောင်းချခြင်း၊ ၎င်းမှရရှိသည့် ငွေကြေးများဖြင့် လက်နက်ခဲယမ်းများ ဝယ်ယူစုဆောင်းကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း၊ ဆက်ကြေးကောက်ခံခြင်းများ ကျူးလွန်နေကြောင်း ဒေသခံများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်း ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၈ ရက်တွင် ရေနံချပ်ကျေးရွာအနီး တရားမဝင် ရေနံတူးဖော်ခြင်းများ လုပ်ဆောင်နေသည့် လက်လုပ်ရေနံတွင်းနေရာ (၃၉) နေရာ ၊ စက်တင်ဘာ ၁၉ ရက်တွင် (၃၅) နေရာ၊ စက်တင်ဘာ ၂၀ ရက်တွင် (၄၄)နေရာ၊ စက်တင်ဘာ ၂၁ ရက်တွင် (၁၇၆) နေရာ၊ စက်တင်ဘာ ၂၂ ရက်တွင် (၁၈၄) နေရာ၊ စက်တင်ဘာ ၂၃ ရက်တွင် (၁၃၈) နေရာ၊ စက်တင်ဘာ ၂၄ ရက်တွင် (၆၈)နေရာ၊ စက်တင်ဘာ ၂၅ ရက်တွင် (၂၅) နေရာ၊ စက်တင်ဘာ ၂၆ ရက်တွင် (၁၈) နေရာနှင့် စက်တင်ဘာ ၂၇ ရက်တွင် (၈) နေရာ စုစုပေါင်း (၇၃၅) နေရာတို့အား ရှာဖွေဖော်ထုတ်တွေ့ရှိပြီး ရေနံချက်လုပ်ရာတွင် အသုံးပြုခဲ့သည့် လုပ်ငန်းသုံးပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ နေထိုင်ခဲ့သည့် **စာမျက်နှာ ၂၈ သို့** ▲



**ထက်သူအောင်**
မိုးညှင်းမြို့။



**မေရီဆန်စင်**
လားရှိုးမြို့။



**မျိုးမြဖြတ်ထွန်းကြည်**
ရွှေညောင်မြို့။



**လှိုင်ဖုန်း**
ပုသိမ်ကြီးမြို့နယ်။



**စန်းယုအောင်**
ပြင်ဦးလွင်မြို့။



**သဲအိခိုင်**
ပျဉ်းမနားမြို့နယ်။



**သီဟ**
ဇမ္ဗူသီရိမြို့နယ်။



**ဇော်ကိုလတ်**
လှည်းကူးမြို့။



**ရန်နိုင်အောင်**
ဒဂုံမြို့သစ်(မြောက်ပိုင်း)
မြို့နယ်။



**မျိုးဇော်**
ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြို့နယ်။



**အောင်ဟိန်း**
ဒဂုံမြို့သစ်(တောင်ပိုင်း)
မြို့နယ်။



**ငြိမ်းဝင်းအောင်**
မင်္ဂလာဒုံမြို့နယ်။



**ကျော်ဝင်းစိုး**
မင်္ဂလာဒုံမြို့နယ်။



**မြသီတာ**
လှိုင်မြို့နယ်။



**သက်နိုင်ထူး**
ကြည့်မြင်တိုင်မြို့နယ်။



**ညွန့်ရီ**
ဆိပ်ကြီးခနောင်တို
တိုက်နယ်။



**ကြူကြူဝင်း**
ပုသိမ်မြို့။



**သိန်းဇင်ထိုက်**
ဒေးဒရဲမြို့။



**ကြည်ကြည်စန်း**
ဒေးဒရဲမြို့နယ်။



**အောင်ဇော်ထွေး**
မအူပင်မြို့။



**အေးအေးသင်း**
ကျောင်းကုန်းမြို့။

✦ ကျောဖုံးမှအဆက်

အကြမ်းဖက်အဖွဲ့များအား အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုများ ပြုလုပ်နေသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကိုလည်း ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက် NUG အဖွဲ့အနေဖြင့် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်နှင့် ၎င်းတို့ရေရှည်ရပ်တည်နိုင်ရန်အတွက် People's Revolution Supply Family–PRF Website (https://form.prfhq.modnug.org) အား တည်ထောင်၍ Wave Pay၊ တရားမဝင် NUG Pay၊ တရားမဝင် SDB Bank၊ Crypto နှင့် နိုင်ငံခြားငွေ Payment စနစ်များမှတစ်ဆင့် ငွေကြေး ကောက်ခံလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။

အကြမ်းဖက်အဖွဲ့များ အခြေပြုနေထိုင်ရပ်တည်၍ ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေခြင်းကိုမလိုလားသော အေးချမ်းစွာနေထိုင်လိုသည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များအရ PRF Website သို့ Wave Pay ဖြင့် ငွေကြေးထောက်ပံ့သူ ၇၀၀ ဦးခန့်၊ တရားမဝင် NUG Pay ဖြင့် ငွေကြေးထောက်ပံ့သူ ၁၀၀၀ ဦးခန့်၊ တရားမဝင် SDB ဘဏ်ဖြင့်ငွေကြေးထောက်ပံ့သူ ၁၀၀၀ ဦးခန့်၊ စုစုပေါင်း ၂၇၀၀ ကျော်၏အချက်အလက်များအား ဖော်ထုတ်ရရှိခဲ့ပြီး ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ PRF Website သို့ ငွေကြေးထောက်ပံ့ပေးပို့သူ တရားခံများဖြစ်ကြသည့် မိုးညှင်းမြို့နေ ထက်သူအောင်၊ လားရှိုးမြို့နေ မေရီဆန်စင်၊ ရွှေညောင်မြို့နေ မျိုးမြဖြတ်ထွန်းကြည်၊ ပုသိမ်ကြီးမြို့နယ်နေ လှိုင်ဖုန်း၊ ပြင်ဦးလွင်မြို့နေ စန်းယုအောင်၊ ပျဉ်းမနားမြို့နယ်နေ သဲအိခိုင်၊ ဇမ္ဗူသီရိမြို့နယ်နေ သီဟ၊ လှည်းကူးမြို့နေ ဇော်ကိုလတ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေ ရန်နိုင်အောင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နေ မျိုးဇော်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နေ အောင်ဟိန်း၊ မင်္ဂလာဒုံမြို့နယ်နေ ငြိမ်းဝင်းအောင်နှင့် ကျော်ဝင်းစိုး၊ လှိုင်မြို့နယ်နေ မြသီတာ၊ ကြည့်မြင်တိုင်မြို့နယ်နေ သက်နိုင်ထူး၊ ဆိပ်ကြီးခနောင်တိုတိုက်နယ်နေ ညွန့်ရီ၊ ပုသိမ်မြို့နေ ကြူကြူဝင်း၊ ဒေးဒရဲမြို့နေ သိန်းဇင်ထိုက်နှင့် ကြည်ကြည်စန်း၊ မအူပင်မြို့နေ အောင်ဇော်ထွေး၊ ကျောင်းကုန်းမြို့နေ အေးအေးသင်း စုစုပေါင်း တရားခံ ၂၁ ဦးအား ဖော်ထုတ်ဖမ်းဆီးရရှိခဲ့သည်။

အဆိုပါ NUG အကြမ်းဖက်အဖွဲ့၏ တရားမဝင် PRF Website (https://form. prfhq.modnug. org) သို့ ငွေကြေးထောက်ပံ့မှု ပြုလုပ်သူ ဖမ်းဆီးရမိတရားခံများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး PRF Website နှင့် ဆက်စပ်ပြီး ကျန်ရှိသည့်တရားခံများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖော်ထုတ်ဖမ်းဆီးရရှိသည့် Wave Pay အကောင့်များအား ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီပိတ်သိမ်း၍ နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းသွားမည်ဖြစ်သည်။

မိဘပြည်သူများအနေဖြင့်လည်း CRPH၊ NUG အကြမ်းဖက်အဖွဲ့အပါအဝင် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများအား ထောက်ခံမှု၊ ကူညီအားပေးမှု၊ ငွေကြေးထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်နှင့်အညီ အဆိုပါအားပေးထောက်ခံမှုပြုနေသူများ၏သတင်းကိုသိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာသတင်းပေးပို့ တိုင်ကြားနိုင်ပြီး သတင်းပေးပို့လာသူများကိုလည်း ထိုက်တန်စွာဆုကြေးများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။ (၁၀၀)

▲ စာမျက်နှာ ၂၇ မှ

ယာယီတဲအဆောက်အအုံ (၅၀၉) လုံးတို့ကိုလည်း ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ သိမ်းဆည်းရမိ တရားမဝင်ရေနံတူးဖော်ခြင်းများ လုပ်ဆောင်နေသည့် ရေနံတွင်းနေရာများနှင့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းဒေသ တစ်ဝိုက်တွင်လည်း တရားမဝင်ရေနံတူးဖော်ခြင်းများ ဆောင်ရွက်မှုမရှိစေရေး လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ရပ်ရွာလူထုကို အနိုင်ကျင့်ဗိုလ်ကျပြီး တရားမဝင်ရေနံတွင်းများကို ကိုယ်တိုင်တူးဖော်ခြင်း၊ ဒေသန္တရလုပ်ကိုင်သူများထံမှ ဆက်ကြေးကောက်ခံခြင်းများပြုလုပ်၍ ရရှိသည့်ငွေကြေးများဖြင့် လက်နက် /ခဲယမ်း ဝယ်ယူကာ အင်အားတည်ဆောက်ပြီး အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထု၏ သတင်းပေးပို့မှုအရ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၉-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၄၅၀ | ၄၆၀၅ | ၄၅၅၅ | ၄၄၆၅ | ၄၆၁၀ | ၄၆၂၅ | ၄၆၅၅ | ၄၅၃၅ | ၄၉၀၅ | ၄၉၃၅ | ၄၅၅၅ | ၄၇၀၅ | ၄၆၄၅ | ၄၆၀၅ | ၄၆၁၅ | ၄၈၄၅ |
| 95 Ron | ၄၆၀၀ | ၄၇၅၅ | ၄၇၀၅ | ၄၆၁၅ | ၄၇၆၀ | ၄၇၇၅ | ၄၈၁၀ | ၄၆၈၅ | ၅၀၅၅ | ၅၀၈၅ | ၄၇၀၅ | ၄၈၆၀ | ၄၇၉၅ | ၄၇၅၅ | ၄၇၆၅ | ၄၉၉၅ |
| HSD (500 ppm) | ၄၇၉၀ | ၄၉၄၀ | ၄၈၉၅ | ၄၈၀၅ | ၄၉၄၅ | ၄၉၆၀ | ၄၉၉၀ | ၄၈၇၅ | - | ၅၂၅၅ | ၄၈၉၅ | ၅၄၄၅ | ၄၉၈၀ | ၄၉၄၀ | ၄၉၅၀ | ၅၁၇၀ |
| HSD (50 ppm) | ၅၇၉၅ | ၅၉၅၀ | ၅၉၀၀ | ၅၈၁၀ | ၅၉၅၅ | ၅၉၇၀ | ၆၀၀၅ | ၅၈၈၀ | ၆၂၅၀ | ၆၂၈၀ | ၅၉၀၀ | ၆၀၂၀ | ၅၉၉၅ | ၅၉၅၀ | ၅၉၆၀ | ၆၁၉၀ |
| HSD (10 ppm) | ၅၇၉၅ | ၅၉၅၀ | ၅၉၀၀ | ၅၈၁၀ | ၅၉၅၅ | ၅၉၇၀ | ၆၀၀၅ | ၅၈၈၀ | | ၆၂၈၀ | ၅၉၀၀ | ၆၀၂၀ | ၅၉၉၅ | ၅၉၅၀ | ၅၉၆၀ | ၆၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၂၈ | ၄၃၄၇ |
| 95 Ron | ၄၃၇၅ | ၄၄၉၆ |
| HSD (500 ppm) | ၄၅၇၅ | ၄၆၉၆ |
| HSD (50 ppm) | ၅၅၃၂ | ၅၆၇၃ |
| HSD (10 ppm) | ၅၅၃၂ | ၅၆၇၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇–၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇
၀၆၇–၄၁၁၂၈၂၊ ၀၉–၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**မြင်းမူမြို့နယ်၊ ထီးဆောင်းရွာအနီး အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် ရဟန်းသံဃာတော်နှင့်ပြည်သူများ သေဆုံးဒဏ်ရာရရှိမှုကိုတွေ့ရစဉ်။**



ဘဒ္ဒန္တ သီလာစာရ



ဒေါ်ဝေဝေလွင်(သေဆုံး)



မမီမီသန့်



ဦးဇင်ကိုအောင်(ယာဉ်မောင်း)







**မြင်းမူမြို့နယ်၊ ထီးဆောင်းရွာအနီး အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် ခရီးသွားမော်တော်ယာဉ် ထိခိုက်ပျက်စီးမှုကိုတွေ့ရစဉ်။**

○ **ကျောဖုံးမှအဆက်**

မသက်ဆိုင်သည့်နေရာများ၊ အရပ်သားပြည်သူများ၊ သစ္စာရှိ နိုင်ငံ့ဝန်ထမ်းများနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား သေဆုံး၊ ထိခိုက်ဒဏ်ရာရစေရန် အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ အများပြည်သူသွားလာအသုံးပြုလျက်ရှိသော လမ်းဘေးဝဲ/ယာများ၌ မိုင်းထောင်ခြင်း၊ အေးချမ်းစွာပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား လက်နက်အားကိုးဖြင့် ခြိမ်းခြောက်ခြင်းနှင့် ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် ဆင်ခြင်တုံတရား ကင်းမဲ့စွာဖြင့် ဥပဒေမဲ့ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ဘက်မှ မုံရွာမြို့ဘက်သို့ ယာဉ်မောင်း ဦးဇင်ကိုအောင်(ဘ)ဦးမှန်၊ မြိုင်မြို့နယ်၊ လင်းကတောကျေးရွာနေသူမောင်းနှင်လာသည့် AD Van အမျိုးအစား မော်တော်ယာဉ်အား မြင်းမူမြို့နယ်၊ ထီးဆောင်းကျေးရွာအကျော် တံတားအနီး မိုင်တိုင်အမှတ်၊ ၄၂/၅ အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ခရီးသွားများဖြစ်သည့် ငပုတောမြို့နယ်၊ သက္ကယ်ချောင်းကျေးရွာနေ ဒေါ်ဝေဝေလွင်(ဘ) ဦးသောင်းရွှေသည် မိုင်းစထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဆရာတော် ဘဒ္ဒန္တ သီလာစာရနှင့် ရေစကြိုမြို့နယ်၊ ဒီပဆေးကျေးရွာနေ မမီမီသန့်(ဘ) ဦးဝင်းသန့်နှင့်ယာဉ်မောင်းဖြစ်သူတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်၌ မိုင်းစထိခိုက်ဒဏ်ရာ ရရှိသူများအား လုံခြုံရေးအဖွဲ့များက မြင်းမူမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စေပြီး လိုအပ်သောဆေးဝါးကုသမှုများ ဆက်လက်ဆောင်ရွက်စေလျက်ရှိကြောင်း သိရှိရသည်။

PDFအမည်ခံအကြမ်းဖက်သမားများသည် ယခုကဲ့သို့ စစ်ရေးပစ်မှတ်နှင့်မသက်ဆိုင်သည့်သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်လျက်ရှိသည့် ရဟန်းသံဃာတော်နှင့် အပြစ်မဲ့ အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် ခရီးသွားမော်တော်ယာဉ်အား ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ခဲ့ခြင်းအတွက် ဒေသခံပြည်သူများအနေဖြင့်လည်း ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် အထက်ပါဖြစ်စဉ်မှအကြမ်းဖက်မှုကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိဒေသခံပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

**Company Regustration No.110120079**

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ**

**ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြေညာခြင်း**

၁။ SHEFFIELD ALLIANCE TECHNICAL SERVICES COMPANY LIMITED အား ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန် (၂၆-၉-၂၀၂၆)ရက်နေ့၌ ကုမ္ပဏီ၏မှတ်ပုံတင်ရုံးခန်းတွင်ကျင်းပပြုလုပ်သော အထူးအထွေထွေအရပ်ရပ်အစည်းအဝေးမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းအစည်းအဝေးမှကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ဦးကျော့မောင် B.A.C.P.A.L.C.M.A(Part II London)အမှတ်-၃၊ ၁၀၅လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်ခန့်အပ်ရန်ဆုံးဖြတ်ကြပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှရရန်ရှိသူ မြီရှင်များနှင့် ကုမ္ပဏီအားပေးရန်ရှိသူမြီစားများသည် ဤကြော်ငြာချက်ပါရှိသည့်နေ့မှတစ်လအတွင်း တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံဆက်သွယ်၍ ခိုင်မာတိကျသောအထောက်အထားများတင်ပြရန် ကြေညာအပ်ပါသည်။

KYAWT MG
B.A.,C.P.A.,R.A.,LCM.A.,
Part II (LONDON)
Certified Public Accountant & Auditor

**ကုမ္ပဏီ၏မတည်ရင်းနှီးငွေအားလျှော့ချပြီးကြောင်း အသိပေးကြေညာခြင်း**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၁၁၆(ဈ)အရ EDUWISCARE CO.,LTD. ၏ ကုမ္ပဏီမှအစုရှင်များအတွက် အခမဲ့ထည့်ဝင်ပေးထားသောမတည်ရင်းနှီးငွေစုစုပေါင်း(၁၄၁,၉၀၅)ရှယ်ယာများမှ တစ်စုလျှင်ငွေ(၁)ကျပ်နှုန်းဖြင့် ထည့်ဝင်ထားသော Bonus အစုရှယ်ယာ(၄၃၆,၂၀၀)ရှယ်ယာများအားလျှော့ချရန်အတွက် အစုရှယ်ယာရှင်နှင့် ဒါရိုက်တာအဖွဲ့မှ (၂၈-၉-၂၀၂၆)ရက်နေ့တွင် သဘောတူဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီဖြစ်ကြောင်း အစုရှယ်ယာရှင်များနှင့် အများပြည်သူသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

EDUWISCARE COMPANY LIMITED

**အမည်ပြောင်း**

ဆီဆိုင်မြို့နယ်၊ နောင်မွန်ကျေးရွာအုပ်စု၊ ဆမ်ဆိုင်ရွာနေ နန်းဆိုင်ဟိန်းအား နန်းစိုင်ဟိန်း ၁၃/ဆဆန(နိုင်)၀၇၈၀၃၅ ဟု ပြောင်းလဲခေါ်ဆိုရန်။

**နန်းစိုင်ဟိန်း**

**အမည်ပြောင်း**

ဆီဆိုင်မြို့နယ်၊ နောင်မွန်ကျေးရွာအုပ်စု၊ ဟိုတိကျေးရွာနေ ခွန်တစီးအား ခွန်တဝင်း ၁၃/ဆဆန(နိုင်)၀၆၃၇၉၄ ဟု ပြောင်းလဲခေါ်ဆိုရန်။

**ခွန်တဝင်း**

**အမည်ပြောင်း**

ဆီဆိုင်မြို့နယ်၊ ပင်ဟိုင်းကျေးရွာနေ ဦးစိုင်းမောင်အား ဦးထွန်းမောင် ၁၃/ဆဆန(နိုင်)၁၁၆၄၈၀ ဟု ပြောင်းလဲခေါ်ဆိုရန်နှင့် နန်းစိန်အား နန်းကြည် ၁၃/ဆဆန(နိုင်)၁၁၆၄၈၁ ဟုပြောင်းလဲခေါ်ဆိုရန်။

**ဦးထွန်းမောင်၊ နန်းကြည်**

**အများသိစေရန်ကြေညာခြင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်ကွက်၊ သီရိမြိုင်(၈)လမ်း၊ အမှတ်(၄၃)နေ (ဘ)ဦးသန်းစိုး၏သားဖြစ်သူ ဦးပိုင်ဝေယံလျှမ်း(၁၀/မလမ(နိုင်)၂၃၆၄၈၄)ကိုင်ဆောင်သူ အများသိစေရန်ကြေညာအပ်ပါသည်။ ဒေါ်နှင်းအိမ်စည်လွင်(၁၀/ဘလန(နိုင်)၁၆၅၃၅၈)ကိုင်ဆောင်သူနှင့် ဦးပိုင်ဝေယံလျှမ်း(၁၀/မလမ(နိုင်)၂၃၆၄၈၄)ကိုင်ဆောင်သူတို့သည် (၂၃-၉-၂၀၂၆)ရက်စွဲပါ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ဖြင့် နှစ်ဦးသဘောတူတရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ရာ ဦးပိုင်ဝေယံလျှမ်းနှင့် ဒေါ်နှင်းအိမ်စည်လွင်တို့သည် မည်သို့မျှပတ်သက်စပ်ဆိုင်မှုမရှိတော့ကြောင်းနှင့် ဒေါ်နှင်းအိမ်စည်လွင်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမှ ဦးပိုင်ဝေယံလျှမ်းအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးပိုင်ဝေယံလျှမ်း(၁၀/မလမ(နိုင်)၂၃၆၄၈၄)
အမှတ်(၄၃)၊ သီရိမြိုင်(၈)လမ်း၊ သီရိမြိုင်ရပ်ကွက်၊ မော်လမြိုင်မြို့

**အမည်ပြောင်း**

ဆီဆိုင်မြို့နယ်၊ ပင်ဟိုင်းကျေးရွာနေ စိုင်းကုံအား မောင်လေး ၁၃/ဆဆန(နိုင်)၁၁၆၄၈၂ ဟု ပြောင်းလဲခေါ်ဆိုရန်နှင့် နန်းကြည်အား နန်းစီ ၁၃/ဆဆန(နိုင်)၀၈၉၂၉၃ ဟု ပြောင်းလဲခေါ်ဆိုရန်။

**မောင်လေး၊ နန်းစီ**

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီးတောင်တွင်းကြီးမြို့နယ်၊ အ.လ.က(ဝါးခြံကာ)ကျောင်းဝင်အမှတ် ၁၅၁၀ Grade-8 သင်ဆဲမှ မောင်ထူးပြည့်စုံ၏ဖခင် ဦးချစ်ကို၏အမည်မှန်မှာ ဦးသူရစိုး ၈/မကန(နိုင်)၁၉၄၄၆၄ ဖြစ်ပါကြောင်း။ ဦးသူရစိုး

**ဖခင်အမည်မှန်**

မော်လမြိုင်မြို့၊ အ.ထ.က သုခဝတီ Grade-4 မှ မလင်းလဲ့ဂုဏ်ရည်၏ဖခင်အမည်မှန်မှာ ဦးလင်းတင် ၃/ဘအန(နိုင်)၅၆၈၇၅၆ ဖြစ်ပါကြောင်း။

ဦးလင်းတင်

**ဖခင်အမည်မှန်**

မော်လမြိုင်မြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ သုခဝတီ Grade-8 မှ မဝင်းဒွေးဇင်၏ဖခင်အမည်မှန်မှာ ဦးမင်းသစ္စာ ၁၀/မလမ(နိုင်)၁၀၅၇၇၅ ဖြစ်ပါကြောင်း။

ဦးမင်းသစ္စာ

**ဖခင်အမည်မှန်**

မော်လမြိုင်မြို့၊ အ.ထ.က သုခဝတီ Grade-9 မှ မောင်အောင်မြင့်မြတ် ၁၀/မလမ(နိုင်)၃၄၃၈၁၈ ၏ဖခင်အမည်မှန်မှာ ဦးလင်းတင် ၃/ဘအန(နိုင်)၅၆၈၇၅၆ ဖြစ်ပါကြောင်း။

ဦးလင်းတင်

**အမည်ပြောင်း**

တိုက်ကြီးမြို့နေ အဘ ဦးဇေသူဟိန်း ၁၂/ခရန(နိုင်)၁၀၃၆၁၀ ၏သား အ.ထ.က(၂)သဃ်န်းကျွန်း၊ Grade(3) မှ မောင်သီဟစည်သူအား မောင်သော်ဘုန်းစစ်ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သော်ဘုန်းစစ်**

**ပျောက်ဆုံးကြောင်း**

လှိုင်မြို့နယ်၊ သီရိ(၄)လမ်းနေ မထက်မီမီအောင်(ဘ)ဦးနန္ဒာလင်း ၁၂/လမန(နိုင်)၁၆၃၁၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 374014)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**အမည်မှန်**

လားရှိုးမြို့ ထ(ခွဲ) လ(၈) Grade-5 တွင် သင်ကြားနေသော အဘ ဦးဝင်းလှိုင် ၈/ဆဖန(နိုင်)၀၆၂၆၄၆ ၏သား မောင်ကောင်းမြတ်လှိုင်အား ယနေ့မှစ၍မောင်မြတ်ကောင်းခန့်လှိုင်ဟုပြောင်းလဲခေါ်ဆိုပါရန်။ မောင်မြတ်ကောင်းခန့်လှိုင်

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကျိုင်းတုံမြို့၊ မိုင်းလန်းကျေးရွာအုပ်စုနေ ဦးရဲအောင် ၁၃/ကတန(နိုင်)၀၈၅၇၈၆ ၏ဖခင် ဦးသောင်းစိန်နှင့် ဦးဆန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသောင်းစိန်(ခ)ဦးဆန်း

**မွေးသက္ကရာဇ်အမှန်**

ကျိုင်းတုံမြို့၊ မိုင်းလန်းကျေးရွာအုပ်စုနေ အဘ ဦးသောင်းစိန်(ခ)ဦးဆန်း၏သား ဦးရဲအောင် ၁၃/ကတန(နိုင်)၀၈၅၇၈၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၃-၁၉၆၆ ဖြစ်ပါကြောင်း။ ၁၃-၃-၁၉၆၆

**ဖခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ဂျမ်းတိုက်ကျေးရွာအုပ်စု၊ အ.ထ.က ရွှေကျောင်း Grade-12 မှ မရွှေရည်နှင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းအောင် ၁၄/ဇလန(နိုင်)၀၅၅၅၇၆ ဖြစ်ပါကြောင်း။ ဦးဝင်းအောင်

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## စစ်သည်အစားခန့်ဝန်ထမ်းများလျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် အမှတ်(၁၊၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်နှင့် အမှတ်(၁)တပ်မတော်အသံလွှင့်တပ် တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန် ပေးအပ်ရန် အလိုရှိပါသည်-

(က) သတင်းကြေညာသူ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ခ) သတင်းအယ်ဒီတာ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ဂ) ဇာတ်လမ်း/ဇာတ်ညွှန်း(အမျိုးသား/အမျိုးသမီး)။
(ဃ) ထုတ်လုပ်ရေးမှူး(အမျိုးသား/အမျိုးသမီး)။
(င) အစီအစဉ်မှူး(အမျိုးသား/အမျိုးသမီး)။
(စ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဆ) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဇ) ကဇာတ် အဆို/အက(အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါရာထူးအားလုံးအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက်(၂၅)နှစ်ထက်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။
(ဂ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေးခန်းတွင် လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်(ယာယီဘွဲ့ထောက်ခံစာမရပါ)။
(င) အနည်းဆုံးငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) လျှောက်ထားသူနှင့် မိဘ၊ ညီအစ်ကို၊ မောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်း ရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းရမည်။
(ဆ) ရေးဖြေနှင့်နှုတ်ဖြေစာမေးပွဲဖြေဆိုအောင်မြင်ရမည်။
(ဇ) ကျန်းမာရေးဆေးစစ်မှုအောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းများမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) သတင်းကြေညာသူလျှောက်ထားသူများသည် ရုပ်ရည်သင့်တင့်လှပပြီး အသံကြည်လင် ပီသရမည်။ မျက်စိကောင်းမွန်ရမည်(မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ)။
(ခ) အဆို/အကလျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအား ကောင်းမွန်စွာသီဆိုနိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရမည်။ ရုပ်ရည် သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းသို့တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ်စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး (အစားခန့်)အဆင့် လစာနှုန်းကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ ဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များတွင် ၂၁-၉-၂၀၂၆ ရက်မှ ၈-၁၀-၂၀၂၆ ရက်အတွင်း လာရောက်ရယူလျှောက်ထားနိုင်ပါသည်-

(က) အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့။(ဖုန်း ၀၃၁-၆၀၂၇၈)
(ခ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(နေပြည်တော်)၊ နေပြည်တော်။(ဖုန်း ၀၃၁-၇၄၂၇၄)
(ဂ) အမှတ်(၁)တပ်မတော်အသံလွှင့်တပ်
သဇင် FM၊ ပြင်ဦးလွင်မြို့။(ဖုန်း ၀၃၃-၆၀၁၇၀)

၆။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/မြို့နယ်ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ မိဘများသဘောတူညီကြောင်း ထောက်ခံချက်၊ တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြ ရမည်။

၇။ ပဏာမလူတွေ့စစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့တွင် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်းပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာလျှောက်လွှာ တင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၈။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား(မှော်ဘီ) (ဖုန်း ၀၃၁-၆၀၂၇၈)၊ မြဝတီရုပ်မြင်သံကြား(နေပြည်တော်)(ဖုန်း ၀၃၁-၇၄၂၇၄) နှင့် သဇင် FM၊ ပြင်ဦးလွင်(ဖုန်း ၀၃၃-၆၀၁၇၀)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၆-၂၀၂၇)ဘဏ္ဍာနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ကျန်းမာရေးလုပ်ငန်းသုံးစက်ပစ္စည်း၊ ရုံးလုပ်ငန်းသုံးစက်ပစ္စည်း နှင့် ပရိဘောဂပစ္စည်း(၁၅)မျိုးအား တင်ဒါဖြင့်ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင် မှတ်ပုံတင်ထားသည့်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိ နိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည် တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.9.Equipment(2nd)(2026-2027) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၁-၁၀-၂၀၂၆ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၁၃-၁၀-၂၀၂၆ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူး ရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အဆောက်အအုံနှင့်ကုန်ရုံဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ (၂၀၂၆-၂၀၂၇)ဘဏ္ဍာနှစ်အတွင်း မန္တလေး(၆)မြို့နယ်အတွင်းရှိ CCTV Camera များပြုပြင်ရာတွင် လိုအပ်သော CCTV Camera နှင့် ဆက်စပ် ပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူသွားမည် ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်း နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ | - | (၁-၁၀-၂၀၂၆)မှ (၁၆-၁၀-၂၀၂၆)အထိ |
| (ခ) | တင်ဒါသွင်းရမည့် နောက်ဆုံးရက် | - | (၁၆-၁၀-၂၀၂၆)ရက်နေ့၊ (၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်မည့်ရက် | - | (၂၂-၁၀-၂၀၂၆)ရက်နေ့၊ (ခန့်မှန်း) |
| (ဃ) | တင်ဒါဖွင့်မည့်နေရာ | - | အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ |
| (င) | တင်ဒါတစ်စုံ ရောင်းဈေးနှုန်း | - | ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) |

၂။ သတ်မှတ်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံ နှင့်ကုန်ရုံဌာန၊ ဖုန်း ၀၉-၄၀၂၆၅၇၅၄၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပျောက်ဆုံးကြောင်း
ခင်သီတာ(ဘ)ဦးညိုခင် ၈/မသန(နိုင်)၁၂၉၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဇော်လွင်(ဘ)ဦးဗိုလ်မြင့် ၉/တကန(နိုင်)၁၆၁၂၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
အောင်စိုးမင်း(ဘ)ဦးထွန်းအေး ၉/ညဥန(နိုင်)၁၈၅၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဒေါ်ရင်မြ(ဘ)ဦးကြည်မောင် ၂/လကန(နိုင်)၀၁၃၀၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မိုးစန္ဒာမြင့်(ဘ)ဦးစံမြင့် ၇/ညလပ(နိုင်)၀၉၂၇၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 082031)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဟန်မျိုးထက်(ဘ)ဦးဝင်းမော် ၉/တသန(နိုင်)၂၂၂၆၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 612632)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
တင်ထွန်းနိုင်(ခ)ကွန်ပါရေရှာ(ဘ)မာရီယပါး(ခ)ဦးမောင်နီ ၇/ပခန(နိုင်)၁၈၈၈၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
အောင်ခန့်မိုး(ဘ)ဦးညွှန့်ဝေ ၈/မကန(နိုင်)၂၅၉၃၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 864901)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## INDUSTRIAL RESOURCES DEVELOPMENT PUBLIC COMPANY LIMITED
### မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ အရ
### အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းကြောင်းကြေညာခြင်း

၁။ "INDUSTRIAL RESOURCES DEVELOPMENT PUBLIC COMPANY LIMITED" အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၂၂-၉-၂၀၂၆)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်ခဲ့သော အစုရှယ်ယာရှင်များ၏ အထူးအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုအစည်းအဝေးမှပင် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ[B.Com(AA), C.P.A(210)]လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(Liquidator)အဖြစ်ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံသို့ပေးရန်နှင့် ရရန်ရှိသည်များကို ဤကြေညာချက်ပါရှိသည့်နေ့မှစ၍(၁)လအတွင်း စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ ဦးဇင်ဝေ[C.P.A(210)]ထံသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| ဦးဇင်ဝေ | DR. AUNG MYAT KO |
| B.Com (AA), C.P.A(210) | Managing Director |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | Industrial Resources Development Public Co.,Ltd. |



Smart ®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin




Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၃၃၁




အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
ဒဂုံ
MALTA FRESH
ပင်ရင်းအရောင်း- ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TYRE
CYCLE TYRE
LIGHT TRUCK TYRE
သုံးဘီးဆိုင်ကယ် တာယာ
CAR TYRE
ပင်ရင်းအရောင်း
ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉၄၅၃၂၅၅၅၄၅
STARMART NINE MILE Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မြိုင်မြို့နယ်၊ လက်ပံတို-ကျောက်ခွက်ရေနံမြေနယ်မြေ တဲကြီးကျေးရွာအနီးဝန်းကျင်ရှိ တရားမဝင်ရေနံတူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ရှင်းလင်း

နေပြည်တော် စက်တင်ဘာ ၂၈

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက်နိုင်ငံတော်၏အဖိုးတန် သယံဇာတပစ္စည်းများ တရားမဝင်တူးဖော်လုပ်ကိုင်၍ ၎င်းမှရရှိသည့်ငွေကြေးများဖြင့် လက်နက်ခဲယမ်းများ မှောင်ခိုဝယ်ယူကာ အင်အားတိုးချဲ့တည်ဆောက်ပြီး အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၁▼



မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ပံတို- ကျောက်ခွက်နယ်မြေ၊ တဲကြီးကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့မှုကိုတွေ့ရစဉ်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေနံချပ်ကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား ဖော်ထုတ်ဖမ်းဆီးရမိမှု နေရာပြမြေပုံ။




# ပခုက္ကူမြို့နယ် ရေနံချပ်ကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံ ဆက်ကြေးပေးဆောင်၍ တရားမဝင်တူးဖော်နေသည့် လက်လုပ်ရေနံတွင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ရှင်းလင်း

နေပြည်တော် စက်တင်ဘာ ၂၈

လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်သယံဇာတများ၊ တရားမဝင်တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ တားဆီးကာကွယ်နှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၇ ကော်လံ ၁▲

# အကြမ်းဖက် CRPH၊ NUG အဖွဲ့များအတွက် ငွေကြေးကောက်ခံပေးနေသည့် People's Revolution Supply Family – PRF Website သို့ ငွေကြေးထောက်ပံ့ပေးပို့သူများအား ဖမ်းဆီးရမိ

People's Revolution Supply Family – PRF Website
(https://form.prfhq.modnug.org)




နေပြည်တော် စက်တင်ဘာ ၂၈

အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပျက်စီးစေရန်နှင့် အစိုးရအုပ်ချုပ်မှုယန္တရားများပျက်ပြားစေရန် ရည်ရွယ်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုများအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့်

စာမျက်နှာ ၂၈ ကော်လံ ၁✦

# မုံရွာ- မန္တလေးပြေးဆွဲနေသော ခရီးသည်တင်မော်တော်ယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ရဟန်းသံဃာတော်နှင့်အပြစ်မဲ့အရပ်သား ပြည်သူများသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် စက်တင်ဘာ ၂၈

CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးပစ်မှတ်နှင့်

စာမျက်နှာ ၂၉ ကော်လံ ၁ ❍

# ရွှေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့အား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



ရန်ကုန် စက်တင်ဘာ ၂၈

၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၂ ရက်မှ ၂၈ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့သည့် (၅၈) ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစား ချန်ပီယံရှစ် ၂၀၂၆ (58th ASIAN BODYBUILDING AND PHYSIQUE SPORTS CHAMPIONSHIPS 2026) ပြိုင်ပွဲသို့

စာမျက်နှာ ၂၀ ကော်လံ ၁ ■

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၂၈

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၃၀ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ဗိုလ်လုပွဲပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့်ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV Entertainment နှင့် MRTV Sports Channel တို့မှ တိုက်ရိုက် (Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

MRTV